# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် ‘ဒေါသ’ ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လကွယ်နေ့ ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၂ ရက်၊ သောကြာနေ့ အတွဲ (၆၄)၊ အမှတ်(၃၂၂)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ သံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များထုတ်ပြန်

ထုတ်ပြန်ချက် စာ ၃

## ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ၊ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခွင့်ရှိကြောင်း အသိပေးချက် ထုတ်ပြန်ကြေညာ

ထုတ်ပြန်ချက် စာ ၃

**ယနေ့ ဖတ်စရာ**

### တစ်မျိုးသားလုံး၏ သမိုင်းလိုအပ်ချက်ကွက်လပ်ကို ဖြည့်ဆည်းပေးမည့် မြန်မာ့သမိုင်းစဉ်

ဆောင်းပါး စာ ၆

### ဒုတိယကမ္ဘာစစ်သမိုင်း၏ မှန်ကန်သော အမြင်ကို စွဲစွဲမြဲမြဲ ကိုင်စွဲကာ ငြိမ်းချမ်းသာယာသော အနာဂတ်ကို ဖန်တီးကြပါစို့

ဆောင်းပါး စာ ၁၀

### နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

ပြည်တွင်းသတင်း စာ ၁၆



## မင်းဘူး(စကု)မြို့နယ်၌ အိုင်းမရေလွှဲဆည်နှင့် မဲဇလီရေလွှဲဆည်မှ ဆည်ရေဖြင့် မိုးစပါးစိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိ

မင်းဘူး ဩဂုတ် ၂၁

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)အောက်ရှိ အိုင်းမရေလွှဲဆည်နှင့် ပွင့်ဖြူမြို့နယ်ရှိ မဲဇလီရေလွှဲဆည်မှ ဆည်ရေတို့ဖြင့် ဒေသခံတောင်သူများ၏ မိုးစပါးဧကပေါင်း ၃၄၀၀၀ ကျော်အတွက် စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးရေများဖြန့်ဝေပေးလျက်ရှိရာတွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)မှ ခရိုင်နှင့် မြို့နယ်တာဝန်ခံအရာရှိများက အနီးကပ်ကြီးကြပ်၍ အိုင်းမရေလွှဲဆည်ဧရိယာတွင် မိုးစပါး ၂၉၆၂၅ ဧကနှင့် မဲဇလီရေလွှဲဆည်ဧရိယာတွင် မိုးစပါး ၄၄၀၁ ဧက လျာထားစိုက်ပျိုးလျက်ရှိပြီး ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေများကို ဇွန် ၁၅ ရက်မှစတင်ကာ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ အဆိုပါဆည်ရေသောက်ဧရိယာများတွင် ဒေသခံတောင်သူများက ဆင်းသုခ၊ မနော်သုခ၊ ရှေမင်း၊ ရတနာတိုး၊ GW-11၊ ဆာဖိုးသာနှင့် YSR-1 စသည့် စပါးမျိုးများကို စိုက်ပျိုးထားကြောင်း၊ ယခုနှစ် မိုးစပါးစိုက်ပျိုးချိန် လျာထားဧက ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်စေရေး သက်ဆိုင်ရာဌာနများ၊

*စာမျက်နှာ ၃ ကော်လံ ၁* ❏

## ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ သံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၆၂ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ် လ ၂၁ ရက်)

**ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ သံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များထုတ်ပြန်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အထွေထွေရွေးကောက်ပွဲ အပိုင်း(၁ ) ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ လ ၂၈ ရက် (တနင်္ဂနွေနေ့) တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၈၂ (က) အရ အောက်ပါနေ့ရက်များကို ထုတ်ပြန်ကြေညာအပ်ပါသည် –

( ၁ ) ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများတွင် စတင် ထုတ်ယူနိုင်မည့်နေ့ရက် — ၂၁ . ၈ . ၂၀၂၅
[ ပုံစံ (၁၅) များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website၊ နိုင်ငံခြားရေးဝန်ကြီးဌာန Website နှင့် သက်ဆိုင်ရာ သံရုံး Website များမှလည်း Download ရယူနိုင်ပါသည် ]

( ၂ ) ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက် — ၂၁ . ၈ . ၂၀၂၅ မှ ၈ . ၉ . ၂၀၂၅

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

❑ *ရှေ့ဖုံးမှ*

ဒေသခံတောင်သူများနှင့်အတူ ပူးပေါင်းကာ နယ်မြေကွင်းဆင်းပြီး အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဦးစီးဌာနမှ မြို့နယ်တာဝန်ခံ အရာရှိ ဦးမျိုးဇင်သက်က ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရာသီတွင် အိုင်းမရေလွှဲဆည်နှင့် မဲဇလီ ရေလွှဲဆည်ဧရိယာနှစ်ခုအတွင်း ယခုနှစ် မိုးစပါးကို ဧကပေါင်း ၃၄၀၂၆ ဧကအထိ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အထိ အိုင်းမရေလွှဲဆည်ဧရိယာတွင် မိုးစပါး ၂၂၈၀၃ ဧကနှင့် မဲဇလီရေလွှဲဆည်ဧရိယာတွင် မိုးစပါး ၁၀၄၇ ဧက စုစုပေါင်း မိုးစပါး ၃၂၀၃၇ ဧက စိုက်ပျိုးပြီးဖြစ်ကာ အဆိုပါစပါးစိုက်တောင်သူများအတွက် မိုးစပါးစိုက်ပျိုးချိန်ကာလအတွင်း စိုက်ပျိုးရေများ လုံလောက်စွာ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ၊ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခွင့်ရှိကြောင်း အသိပေးချက် ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၆၃ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ် လ ၂၁ ရက် )

**ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ၊ စုဝေးဟောပြောခြင်းနှင့်မဲဆွယ်စည်းရုံးခွင့်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခွင့်ရှိကြောင်း အသိပေးချက် ထုတ်ပြန်ကြေညာခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (က) ပါ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် တစ်ဦးဦးသည် တည်ဆဲပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ခ) အရလည်းကောင်း၊ ပုဒ်မ ၁၇ ပုဒ်မခွဲ (ဂ)ပါ ဒုတိယဝန်ကြီးတစ်ဦးဦးသည် တည်ဆဲပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ (ဃ) အရလည်းကောင်း၊ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ (က) အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် ( တနင်္လာနေ့) မှစ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိပါသည်။

၂။ ထို့အတူ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၊ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တို့သည်လည်း သက်ဆိုင်ရာတည်ဆဲဥပဒေများအရ အပိုင်းလိုက် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ (က) အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက် (တနင်္လာနေ့) မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိပါသည်။

၃။ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အတည်ပြုပြီးသည့်နောက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ပေးပါမည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း သင်တန်းဆင်းပွဲကျင်းပ

## မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းစိစစ်၍ အမှားအယွင်းမရှိအောင်၊ မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၁**

ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံး အဆောက်အအုံ၌ ကျင်းပပြုလုပ်သည်။



သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးက သင်တန်းတက်ရောက်ခဲ့ကြသည့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများအနေဖြင့် ကျန်ရှိသည့် ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအတွက် ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ သင်တန်းကရရှိခဲ့သည့် MMP စနစ်အကြောင်းကိုလည်း နိုင်ငံရေးပါတီများ၊ အများပြည်သူများသိရှိစေရန်ဖြန့်ဝေပြောကြားရန်လိုကြောင်း၊ ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးသည် ဦးစားပေးဖြစ်သလို အရေးကြီးပါကြောင်း၊ မဲစာရင်း ပြည့်စုံမှန်ကန်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းစိစစ်၍ အမှားအယွင်းမရှိအောင်၊ မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်း။

လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို နိုင်ငံရေးပါတီများ သိရှိအောင် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများမှ ရှင်းလင်းပြောကြားရန်လိုပါကြောင်း၊ ရွေးကောက်ပွဲများကို အပိုင်းလိုက် ဆောင်ရွက်ရာတွင်လည်း စနစ်တကျ ဆောင်ရွက်နိုင်ရေး စီမံချက်များအတိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှတာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲကျင်းပရာတွင် မည်သူ့ကိုမျှ ဘက်မလိုက်ဘဲ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် တိတိကျကျ ဆောင်ရွက်ကြမည်ဟု ယုံကြည်ပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေး၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သန္နိဋ္ဌာန်ထားပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲအရာရှိများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာစံချိန်စံညွှန်း နောက်ဆုံးအဆင့် မူကြမ်း (၇၃)ခုကို မြန်မာစံချိန်စံညွှန်းအဖြစ် အတည်ပြုသတ်မှတ်

**နေပြည်တော် ဩဂုတ် ၂၁**

အမျိုးသားအဆင့်အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံများ ခိုင်မာအားကောင်းစေရေးအတွက် အဓိကမဏ္ဍိုင်များဖြစ်သည့် စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း၊ တိကျတိုင်းတာခြင်းနည်းပညာ၊ ဓာတ်ခွဲတိုင်းတာခြင်း၊ အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းစဉ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ စံချိန်စံညွှန်း လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၅) ယမန့်နေ့နှင့် အမျိုးသားစံချိန်စံညွှန်းကောင်စီအစည်းအဝေး(၁/၂၀၂၅)ကို ယနေ့တွင် နေပြည်တော်၊ ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ အမျိုးသားစံချိန်စံညွှန်းကောင်စီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အမျိုးသားအဆင့်အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံများ ခိုင်မာအားကောင်းစေရေးအတွက် ပြည်တွင်းရှိ ဆက်စပ်ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာနှင့် ဒေသတွင်းရှိ အဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာ(MoU)များ ရေးထိုးခြင်းဖြင့် စံချိန်စံညွှန်းသတ်မှတ်ခြင်းကဏ္ဍကို နိုင်ငံတကာအလေ့အကျင့်ကောင်းများနှင့် သတင်းအချက်အလက်များ ဖလှယ်ရယူပြီး စွမ်းဆောင်ရည်မြှင့်တင်နိုင်ခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးကိုက်ညီစွာဖြင့် ထုတ်ကုန်များကို ထုတ်လုပ်၊ တင်ပို့၊ တင်သွင်းမှုများပြုလုပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားစံချိန်စံညွှန်းကောင်စီအတွင်းရေးမှူး၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားစံချိန်စံညွှန်း ကောင်စီအစည်းအဝေး(၁/၂၀၂၄)၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ အများပြည်သူသဘောထားမှတ်ချက်ရယူပြီးသည့် မြန်မာစံချိန်စံညွှန်း နောက်ဆုံးမူကြမ်း(၇၃)ခုကို အတည်ပြုရေး၊ အဆိုပြုအဆင့်၊ နည်းပညာဆပ်ကော်မတီအဆင့်နှင့် အများပြည်သူသဘောထားရယူရန် ဆောင်ရွက်လျက်ရှိသော စံချိန်စံညွှန်းမူကြမ်း (၁၃၇)ခုကိစ္စ၊ အမျိုးသားအသိအမှတ်ပြု ကော်မတီဖွဲ့စည်းနိုင်ရေးကိစ္စတို့ကို ကောင်စီသို့တင်ပြ၍ ကောင်စီဝင်များ၏ အကြံပြုချက်များကို ရယူဆောင်ရွက်သည်။




အဆိုပါ အစည်းအဝေးသို့ အမျိုးသားစံချိန်စံညွှန်း ကောင်စီဝင်များဖြစ်ကြသော ဝန်ကြီးဌာန အသီးသီးမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ UMFCCI၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး အစည်းအဝေးတွင် မြန်မာစံချိန်စံညွှန်း နောက်ဆုံးအဆင့် မူကြမ်း (၇၃)ခုကို မြန်မာစံချိန်စံညွှန်းအဖြစ် အတည်ပြုသတ်မှတ်ခြင်းနှင့် အမျိုးသားအသိအမှတ်ပြုကော်မတီဖွဲ့စည်းခြင်းတို့အတွက် အတည်ပြုဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်းနှင့် တာဝန်ရှိသူများ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာန CPU အဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများ ပါဝင်တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ရုံးခွဲများမှ ရုံးခွဲတာဝန်ခံများနှင့် ဝန်ထမ်းများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဝန်ထမ်းများအနေဖြင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံး လုပ်နည်းနှင့်အညီ အဂတိတရားကင်းစွာဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာန၌ ဌာနတွင်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိပြီးဖြစ်သည့်အတွက် ဝန်ထမ်းများ အဂတိတရား ကင်းရှင်းအောင် အသိပညာ ပြန့်ပွားရေးဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယနေ့ ဆွေးနွေးပွဲမှရသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ပတ်သက်၍ အသိပညာများကို မိမိတို့မိသားစု၊ မိမိပတ်ဝန်းကျင်ရှိ ပြည်သူများကို မျှဝေသွားခြင်းဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပူပေါင်းပါဝင်ပေးကြစေလိုပါကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးလွင်ဦးက အဂတိလိုက်စားမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အဓိကအဟန့်အတားတစ်ခုဖြစ်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ထိခိုက်နစ်နာစေသည့်အပြင် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့်လူမှုရေးဆိုင်ရာ ကိစ္စရပ်များကိုပါ ဆိုးကျိုးသက်ရောက်နိုင်ပါကြောင်း၊ အစိုးရနှင့် ပြည်သူအကြား ယုံကြည်မှုခိုင်မာမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်ညီလက်ညီနှင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ **"အဂတိပယ်ခွာ ပြည်သာယာ"** ဆောင်ပုဒ်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍လည်းကောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကော်မရှင် အဖွဲ့ဝင် ဒေါ်ကြူကြူဝင်း ခေါင်းဆောင်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU)များနှင့်တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

■ ***ကျောဖုံးမှ***

နှစ်ဂိုး–တစ်ဂိုး၊ Junior Lions အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ ဒဂုံစတားယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို ငါးဂိုးပြတ်၊ Falcon အသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ Dagon Port အသင်းက ရာမညယူနိုက်တက်အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ ဟံသာဝတီယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို လေးဂိုး–တစ်ဂိုးတို့ဖြင့် အနိုင်ရရှိပြီး အား/ကာသိပ္ပံအသင်းနှင့် ရှေ့ာဝတီယူနိုက်တက်အသင်း နှစ်ဂိုးစီသရေကျခဲ့သည်။

ပွဲစဉ်(၁၆) အပြီးတွင် ဒဂုံစတားယူနိုက်တက် အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ရမှတ် ၃၆ မှတ်စီ တူညီသော်လည်း ဂိုးကွာခြားချက်ဖြင့် ဒဂုံစတားယူနိုက်တက်အသင်းက အဆင့် ၁၊ အား/ကာသိပ္ပံအသင်းက အဆင့် ၂ နေရာတွင် ရပ်တည်နေကာ ယင်းနှစ်သင်းနောက်တွင် ရှမ်းယူနိုက်တက်အသင်းက ၃၃ မှတ်၊ ရန်ကုန်ယူနိုက်တက် အသင်းက ၃၁ မှတ်၊ Junior Lions အသင်းက ၂၇ မှတ်၊ Falcon အသင်းက ၂၅ မှတ်၊ သစ္စာအားမာန်အသင်းက ၂၄ မှတ်၊ ရှေ့ာဝတီယူနိုက်တက် အသင်းက ၂၃ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ရမှတ် ၂၀၊ ရာမည ယူနိုက်တက်အသင်းက ၁၉ မှတ်၊ ရတနာပုံအသင်းက ၁၈ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ကိုးမှတ်၊ မဟာယူနိုက်တက် အသင်းက ငါးမှတ်၊ Dagon Port အသင်းက လေးမှတ်ရရှိထားသည်။ **သော်လေး**

---

✻ ***ကျောဖုံးမှ***

ပရီမီယာလိဂ်အသင်းများသည် ၂၀၂၃ ခုနှစ် နွေရာသီက ကစားသမားခေါ်ယူမှုများအတွက် အသုံးစရိတ်စုစုပေါင်း ပေါင် ၂ ဒသမ ၃၆ ဘီလီယံဖြင့် စံချိန်တင်ထားခြင်းဖြစ်သည်။

ဆွစ်ဇာလန် တိုက်စစ်ကစားသမားသည် လိဗ်ဒိစ်အသင်းနှင့် လေးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ကြောင်း သိရသည်။ အသက် ၂၅ နှစ်အရွယ်တိုက်စစ်ကစားသမား အိုကာဖော်သည် ယခုရာသီတွင် လိဗ်ဒိစ်အသင်း ခေါ်ယူသည့် ကိုးဦးမြောက်ကစားသမား ဖြစ်လာခဲ့သည်။ ၎င်းသည် မိခင်နိုင်ငံ ဆွစ်ဇာလန်အသင်းအတွက် ၂၄ ပွဲ ပါဝင်ကစားထားပြီး နှစ်ဂိုး သွင်းယူပေးထားသည်။ ထို့အပြင် ဘေဆယ်နှင့် ဆောလ်ဘတ်တိုက်စစ်ကစားသမားဟောင်း အိုကာဖော်သည် အေစီမီလန်အသင်းအတွက်လည်း ၅၄ ပွဲ ပါဝင်ကစားထားကာ ခုနစ်ဂိုးသွင်းယူပေးထားသည်။ **အောင်ဇော်**

---

◆***ကျောဖုံးမှ***

ချမ်းမြေ့ထွန်းက ပထမ (ရွှေ)၊ WMP up to 160 cm တွင် ဆုမွန်လှိုင်က ဒုတိယ(ငွေ)၊ WMP up Over 170cm တွင် မဇူဇူသန့်က ဒုတိယ(ငွေ)၊ WMP up to 165cm တွင် မလင်းလင်းစိုး၊ WAP up to167cm တွင် သန်းဇော်ထိုက်၊ 70kg တွင် မောင်မောင်စိုင်းတို့က တတိယ(ကြေး) တစ်ခုစီ အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

ယင်း(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ၌ ၁၀ ဦး ဝင်ရောက်ခဲ့ရာ ခုနစ်ဦးဆုတံဆိပ်ရရှိခဲ့သည်။ ဩဂုတ် ၂၂ ရက်မှ ၂၄ ရက်အထိ (၅၇)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်အားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ကာယဗလအားကစားသမားများ ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲသို့ မြန်မာ့ကာယဗလအားကစားအဖွဲ့မှ အားကစားသမား ၂၀ တို့သည်(၁၉)ကြိမ်မြောက်အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ၌ ၁၀ ဦး၊ (၅၇)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်အားကစားပြိုင်ပွဲ၌ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

# တစ်မျိုးသားလုံး၏ သမိုင်းလိုအပ်ချက်ကွက်လပ်ကို ဖြည့်ဆည်းပေးမည့် မြန်မာ့သမိုင်းစဉ်

လက်ျာ

**သမိုင်းပညာအား လေ့လာသင်ယူခြင်းဆိုသည်မှာ အတိတ်တွင်ဖြစ်ပျက်ခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမျိုးရေး၊ စစ်ရေးဆိုင်ရာ ဖြစ်စဉ်များအား ချဉ်းကပ်လေ့လာရင်း ပစ္စုပ္ပန်နှင့် အနာဂတ်တွင် ဖြစ်ပျက်လာမည့်ဖြစ်စဉ်များအားပြင်ဆင်ရန် ကြိုးစားခြင်းဖြစ်ပါသည်။ ထို့အပြင် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ သမိုင်းသည် ထိုနိုင်ငံနှင့်လူမျိုးတို့၏ တန်ဖိုးဖြတ်မရသည့် အမွေအနှစ်တစ်ခုပင်ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံတိုင်းသည် ၎င်းတို့၏သမိုင်းကြောင်းအား တိကျသေချာစွာလေ့လာနိုင်ရန် စဉ်ဆက်မပြတ်ကြိုးပမ်းလျက်ရှိကာ သမိုင်းပညာ၏ နယ်ပယ်သည် လွန်စွာကျယ်ပြန့်လာခဲ့သည်။**


### မြန်မာ့သမိုင်းဖြစ်တည်လာပုံ

လူသားမျိုးနွယ်၏ သမိုင်းဆိုသည်မှာ ရှေးယခင်ကာလများတွင် မိမိတို့အတွေ့အကြုံများကို မျိုးဆက်သစ်များအတွက် နှုတ်ပြောပုံပြင်များ၊ မှတ်တမ်းများအဖြစ် ပြောကြားရာမှသည် စာပေအရေးအသားပေါ်ထွန်းလာသောအခါတွင် သမိုင်းမှတ်တမ်းများအဖြစ် ရေးသားဖော်ပြလာခဲ့လေသည်။ မြန်မာလူမျိုးတို့သည် သမိုင်းမှတ်တမ်းများအား စနစ်တကျမှတ်တမ်းတင်ခဲ့သည့် လူမျိုးများဖြစ်ပါသည်။ ရှေးယခင်ကတည်းကပင် မင်းနေပြည်တော်တွင် ရွှေတိုက်တော်နှင့် ပိဋကတ်တိုက်ကဲ့သို့ မှတ်တမ်းဌာနများထားရှိကာ မင်းအစိုးရ အရာရှိများ၏ မှတ်တမ်းများ၊ တိုင်းပြည်တွင် ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာများအား စနစ်တကျရေးမှတ်ထားလေ့ရှိသည်။ စစ်ဘေးစစ်ဒဏ်ကြောင့် လည်းကောင်း၊ ရာသီဥတုဒဏ်ကြောင့်လည်းကောင်း ပျက်စီးသောအခါများတွင် ပြန်လည်ပြုစုရေးသားကာ သမိုင်းကွင်းဆက် ခြေရာမပျောက်ပျက်စေရန် ကြိုးစားခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ပထမဆုံးသမိုင်းကျမ်းအဖြစ် ဇမ္ဗူဒီပဦးဆောင်းကျမ်းအား အင်းဝခေတ် ဝန်ဇင်းမင်းရာဇာအမတ်ကြီးက ရှေးသမိုင်းကျမ်းအဆူဆူအား ပြန်လည်တည်းဖြတ်ကာ ရေးသားခဲ့လေသည်။ ထို့နောက် ညောင်ရမ်းခေတ် တနင်္ဂနွေမင်းလက်ထက်တွင် ဦးကုလားက ရှိနှင့်ပြီးသော ရာဇဝင်ကျမ်းအသီးသီးအား ပြန်လည်ပေါင်းစုကာ မဟာရာဇဝင်ကြီး၊ ရာဇဝင်ချုပ်ဟူ၍ စီရင်ပြုစုရေးသားခဲ့ပါသည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားမင်းလက်ထက်တွင် ဦးကုလား၏ မဟာရာဇဝင်ကြီးသည် လိုအပ်ချက်များရှိသဖြင့် နိုင်ငံတစ်ဝန်းရှိ ကျောက်စာများ၊ မှတ်တမ်းများဖြင့် တိုက်ဆိုင်စစ်ဆေးကာ တွင်းသင်းတိုက်ဝန်မင်းကြီးက ရာဇဝင်သစ်ကျမ်းတစ်စောင်အား စီရင်ခဲ့ပါသည်။ ထို့နောက် ဘကြီးတော်မင်းလက်ထက်တွင် တစ်ကြိမ်၊ မင်းတုန်းမင်းလက်ထက်တွင် တစ်ကြိမ်ဖြင့် မှန်နန်းရာဇဝင်တော်ကြီးအား ပထမတွဲ၊ ဒုတိယတွဲစသဖြင့် ရဟန်းပညာရှိ၊ လူပညာရှိများ ပူးပေါင်းပါဝင်၍ ပြုစုရေးသားခဲ့ကြလေသည်။


### သမိုင်းပညာရပ်၏ တိုးတက်ပြောင်းလဲလာပုံနှင့် အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း

ခေတ်အပြောင်းအလဲ၊ ယဉ်ကျေးမှု အပြောင်းအလဲ ရှိလာသည်နှင့်အမျှ ရာဇဝင်ဆိုင်ရာအယူအဆတို့သည်လည်း ပြောင်းလဲခဲ့လေသည်။ ရှေးအခါက ဘုရင်ကြီးစိုးခဲ့၍ ရာဇဝင်မှာ မင်းတို့၏အကြောင်းကို မှတည်ရေးရသောကြောင့် ရာဇဝံသ အမည်ပေးခဲ့ကြလေသည်။ ယခုခေတ်တွင် သမိုင်းပညာ၏ ရှုမြင်ပုံသည် နိုင်ငံတွင်းနေ လူတို့၏အကြောင်းကို အဓိကထား၍ ရေးသားဖော်ထုတ်သည့်ပုံစံသို့ ၁၉ ရာစုနှောင်းပိုင်းမှ စတင်ပြောင်းလဲလာလေသည်။ သို့ဖြစ်၍ ရာဇဝင်ဟူသော ဝေါဟာရအစား နိုင်ငံသမိုင်း၊ လူ့သမိုင်း စသည်ဖြင့် လွှဲပြောင်းခေါ်လာကြခြင်းဖြစ်လေသည်။ သမိုင်းပညာသည် ရှေးယခင်က စာပေမှတ်တမ်းများကို အမှီပြုရေးသားရသည့် ဝိဇ္ဇာပညာရပ်တစ်ခုမှသည် ယနေ့ခေတ်သို့ ရောက်ရှိလာသောအခါ ရှေးဟောင်းသုတေသနပညာ၊ ဘူမိဗေဒ၊ မှုခင်းဆေးပညာ၊ ဓာတုဗေဒ၊ မျိုးရိုးဗီဇစစ်ဆေးမှုနှင့် အခြားသော သိပ္ပံပညာများစွာ၏ ထောက်ပံ့မှုများဖြင့် စနစ်တကျလေ့လာဆန်းစစ်ဝေဖန်ရသည့် ပညာရပ်တစ်ခုဖြစ်လာခဲ့လေသည်။

**အညာသားကျောက်ခေတ်ဟောင်းဓလေ့နေရာဒေသများ**



**ကျောက်ခေတ်လယ်ဓလေ့တွေ့ရှိရာဒေသများ**



**❖ မြန်မာနိုင်ငံတွင် ကျောက်ခေတ်ဦးနှင့် ကျောက်ခေတ်နှောင်းသာရှိပြီး ကျောက်ခေတ်လယ်အား ရှာဖွေတွေ့ရှိခြင်းမရှိကြောင်း ယခင်က သတ်မှတ်ခဲ့ကြသော်လည်း ၂၀၀၂ ခုနှစ်မှစတင်ကာ မြန်မာရှေးဟောင်းသုတေသနပညာရှင်များသည် အခြားသောနယ်ပယ်မှ ပညာရှင်များ၏ အကူအညီများရယူကာ ခါးဆက်ပြတ်နေသော မြန်မာ့သမိုင်းအား ရှာဖွေဖော်ထုတ်ရန် ကြိုးစားခဲ့ကြ**

မြန်မာနိုင်ငံသည် လွတ်လပ်သော နိုင်ငံတစ်ခုအဖြစ်သို့ ရောက်လာသောအခါ၌ ခေတ်အလျောက်အမှန်ကန်ဆုံးနှင့် အပြည့်စုံဆုံးဖြစ်သော နိုင်ငံသမိုင်းကို ကျယ်ပြန့် ပြည့်စုံစွာရေးသားရန် လိုအပ်သဖြင့် နိုင်ငံတော်အစိုးရသည် ၁၉၅၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် မြန်မာနိုင်ငံ သမိုင်းကော်မရှင်အဖွဲ့ကို ဖွဲ့စည်းခဲ့လေသည်။ မြန်မာနိုင်ငံ၏သမိုင်းအားလေ့လာရန် ပညာရှင်များက ကြိုးစားခဲ့ရာတွင် ရလဒ်အနေဖြင့် အခြေပြမြန်မာ့နိုင်ငံရေးသမိုင်းအား ၁၉၇၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့ပါသည်။ ထိုစာအုပ်တွင် မြန်မာနိုင်ငံ၏ သမိုင်းအား ၁၉၇၀ မတိုင်ခင်အထိ လေ့လာတွေ့ရှိမှုများ၊ တူးဖော်ရရှိမှုများအား အခြေခံ၍ ရေးသားထားခြင်းပင်ဖြစ်ပါသည်။ ထိုသမိုင်းကျမ်းစာအုပ်သည် မြန်မာနိုင်ငံ၏ မူလဇာစ်မြစ်သမိုင်းကို လေ့လာရန်အတွက် ပြီးပြည့်စုံခြင်း မရှိသေးသော်လည်း နောင်တွင် ဆက်လက်လေ့လာနိုင်ရန်အတွက် အခြေခံအုတ်မြစ်ကောင်းတစ်ခုအဖြစ် ခိုင်မာစွာပြုစုရေးသားထားခြင်း တွေ့ရှိရပါသည်။ ထိုမတိုင်မီအချိန်က မြန်မာနိုင်ငံတွင် သမိုင်းအယူအဆကွဲများအနေဖြင့် “မြန်မာအစတကောင်း” ဟူသည့် ရှေးရိုးအစဉ်အလာ ရာဇဝင်ကျမ်းများတွင် ဖော်ပြထားသည့် အယူအဆနှင့် “မြန်မာအစ ကျောက်ဆည်” ဟူသည့် ကိုလိုနီခေတ်တွင် ပေါ်ထွက်လာသည့် အယူအဆ နှစ်ခုရှိနေပါသည်။ သို့ရာတွင် အခြေပြမြန်မာ့နိုင်ငံရေးသမိုင်းစာအုပ်ထွက်ရှိပြီးနောက်တွင် မြန်မာ့သမိုင်းအားဖော်ပြရာ၌ ဝိဝါဒကွဲလွဲမှုများ ဖြစ်ပေါ်လာခဲ့ပါသည်။ ရှေးဟောင်းသုတေသနပညာရှင်များနှင့် သမိုင်းပညာရှင်များသည် ယခင်က မြန်မာနိုင်ငံ၏ယဉ်ကျေးမှုကာလအစောဆုံးသည် သံခေတ်နှောင်းပိုင်းဖြစ်ကာ ကျောက်ခေတ်၊ ကြေးခေတ် စသည့် ယဉ်ကျေးမှုများမရှိကြောင်း၊ မြန်မာလူမျိုးတို့၏ မူရင်းဇာစ်မြစ်မှာ တိဘက်ကုန်းမြေမြင့်သာဖြစ်ကြောင်း သုံးသပ်ကာ ကျောင်းသုံးစာအုပ်များ၊ သင်ခန်းစာများနှင့် သမိုင်းသင်ရိုးညွှန်းတမ်းများတွင် ထိုကဲ့သို့ ထည့်သွင်းသင်ယူနေဆဲပင်ဖြစ်ပါသည်။ ၁၉၇၀ တွင် ထုတ်ဝေသည့် အခြေပြမြန်မာ့နိုင်ငံရေးသမိုင်းပြုစုရာတွင် ပါဝင်ခဲ့သော မြန်မာ့သမိုင်းပညာရှင်များနှင့် ရှေးဟောင်းသုတေသနပညာရှင်များသည် ၎င်းတို့ပြုစုခဲ့သော သမိုင်းကျမ်းသည် ပြီးပြည့်စုံမှုမရှိသေးကြောင်းအား စာအုပ်တွင် ထည့်သွင်းဖော်ပြကာ နောင်လာမည့် မျိုးဆက်များအနေဖြင့် ထပ်မံဖြည့်စွက်ရေးသားရန် လိုအပ်ကြောင်း အမြော်အမြင်ကြီးစွာ လက်ဆင့်ကမ်းခဲ့ပါသည်။

### မြန်မာပညာရှင်များ၏ ကြိုးစားအားထုတ်မှုရလဒ်များ

၁၉၈၀ ဝန်းကျင်ခုနှစ်များတွင် ရှေးဟောင်းသုတေသနပညာသည် ခေတ်မီနည်းပညာနှင့် စက်ကိရိယာများကို အသုံးပြုလာနိုင်သဖြင့် ယခင်က တိမ်မြုပ်နေခဲ့သော သမိုင်းအမွေအနှစ်များကို ရှာဖွေခြင်းနှင့် ထိန်းသိမ်းခြင်းတို့အား ပိုမိုလုပ်ဆောင်လာနိုင်လေသည်။ မြန်မာ့သမိုင်းပညာရှင်များနှင့် ရှေးဟောင်းသုတေသနပညာရှင်များသည် မြန်မာနိုင်ငံအတွင်း နေရာအနှံ့အပြားသို့ သွားရောက်ကာ မြန်မာနိုင်ငံ၏ သမိုင်းအား ဆက်လက်လေ့လာခဲ့ကြလေသည်။ ရှေးဟောင်းမြို့များအား ကောင်းကင်ဓာတ်ပုံဖြင့် ရှာဖွေခြင်း၊ ရေဒီယိုကာဗွန်သက်တမ်းစစ်ဆေးခြင်းနှင့် အခြားသောခေတ်မီနည်းပညာများအား အသုံးပြုကာ ပျူမြို့ဟောင်းများအား ရှာဖွေခြင်း၊ မြန်မာနိုင်ငံအတွင်းရှိ သံခေတ်လူနေထိုင်ရာနေရာများအား ရှာဖွေခြင်းများ ပြုလုပ်ရာမှသည် မြန်မာနိုင်ငံ၏ ကျောက်ခေတ် (ကျောက်ခေတ်ဦး၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်နှောင်း) ယဉ်ကျေးမှုဟု ဆိုနိုင်မည့် အညာသီယန်ခေါ် အညာသားယဉ်ကျေးမှုအား မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် စတင်တွေ့ရှိရခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ကျောက်ခေတ်ဦးနှင့် ကျောက်ခေတ်နှောင်းသာရှိပြီး ကျောက်ခေတ်လယ်အား ရှာဖွေတွေ့ရှိခြင်းမရှိကြောင်း ယခင်က သတ်မှတ်ခဲ့ကြသော်လည်း ၂၀၀၂ ခုနှစ်မှစတင်ကာ

*စာမျက်နှာ ၇ သို့*



မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကြို့ကုန်းဒေသတွင် မြန်မာနိုင်ငံ သံခေတ်အထောက်အထားများ တွေ့ရှိရစဉ်။



ပြင်သစ် - မြန်မာ ပူးပေါင်းသုတေသနအဖွဲ့မှ ပုံတောင်ပုံညာဒေသတွင် ပရိုင်းမိတ်ရုပ်ကြွင်းများအား ရှာဖွေနေကြစဉ်။



ညောင်ကန်ဒေသမှ ကြေးခေတ်တူးဖော်ရေးလုပ်ငန်းအား ထိန်းသိမ်းထားရှိမှုကို တွေ့ရစဉ်။

**❒ ၂၀၀၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် နိုင်ငံတကာ ပညာရှင်များနှင့် ပူးပေါင်းဖော်ထုတ်ချက်များအရ ကြေးခေတ်ကာလ ရှေးဦးမြန်မာ့လူ့အဖွဲ့အစည်းသည် ဘီစီ ၉၀၀ ခန့်မှစတင်ကာ ဖြစ်တည်ခဲ့သည့် ပထမဆုံးတွေ့ရှိမှုအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် အုတ်အိုင်ဒေသတွင် စတင်တွေ့ရှိရပြီးနောက် ဘုတလင်မြို့နယ် ညောင်ကန်ဒေသတွင်လည်းကောင်း၊ ၇၁၀ ဘီစီခန့်တွင် သံခေတ်ဦးကာလ လူ့အဖွဲ့အစည်းတစ်ရပ်သည် တောင်သမန်ဒေသတွင်လည်းကောင်း၊ ၅၃၀ ဘီစီမှ ၉၀ ဘီစီအတွင်း သံခေတ်လူ့အဖွဲ့အစည်းတစ်ရပ်သည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ရွာထင်ကုန်းရွာတွင်လည်းကောင်း ပေါ်ထွန်းခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့သဖြင့် မြန်မာနိုင်ငံတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှုများ တစ်ဆက်တစ်စပ်တည်း ဖြစ်ပေါ်တည်ရှိခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်**

*စာမျက်နှာ ၆ မှ*

မြန်မာရှေးဟောင်းသုတေသနပညာရှင်များသည် အခြားသောနယ်ပယ်မှ ပညာရှင်များ၏ အကူအညီများရယူကာ ခါးဆက်ပြတ်နေသော မြန်မာ့သမိုင်းအား ရှာဖွေဖော်ထုတ်ရန် ကြိုးစားခဲ့ကြပါသည်။ ထိုကြိုးစားမှု၏ ရလဒ်အဖြစ် ပြည်မြို့ ရှေးဟောင်းသုတေသနကျောင်းအုပ်ကြီး ဦးဝင်းကြိုင် ဦးဆောင်သော ပညာရှင်များသည် ခါးဆက်ပြတ်နေခဲ့သည်ဟူသော မြန်မာနိုင်ငံ၏ ကျောက်ခေတ်လယ်ကာလအား ဧရာဝတီမြစ်ဝှမ်းဒေသနှင့် စမုန်မြစ်ဝှမ်းဒေသများတွင် ၂၀၀၆ ခုနှစ်မှ စတင်တူးဖော်တွေ့ရှိခဲ့ပြီး မြန်မာနိုင်ငံ၏သမိုင်းတွင် အရေးပါသော ကျောက်ခေတ်ကာလတွင် ကျောက်ခေတ်ဦး၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်နှောင်းဟူသည့် တစ်ဆက်တစ်စပ်တည်းဖြစ်တည်နေခဲ့သည့်အချက်အား အထောက်အထား တိကျခိုင်မာစွာဖြင့် နိုင်ငံတကာသို့ တင်ပြနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်သော သမိုင်းစဉ်အား လေ့လာခြင်းလုပ်ငန်းတွင် သမိုင်းပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များသာမက ဘူမိဗေဒပညာရှင်များနှင့် မနုဿဗေဒပညာရှင်များပါ အားဖြည့်ပါဝင်လာကြသဖြင့် သုတေသနပြုလုပ်ခြင်းနှင့် တူးဖော်ရှာဖွေမှုများသည် အရှိန်အဟုန်ဖြင့် တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ထိုကာလတွင် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများကို ၁၉၇၈ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် မိုးကောင်းရွာအနီးတွင်လည်းကောင်း၊ ၁၉၉၇ ခုနှစ်မှ ယခုအထိ မြိုင်မြို့နယ်နှင့် ပုလဲမြို့နယ်များရှိ ပုံတောင်ကျောက်လွှာစုများတွင် လည်းကောင်း ဆက်တိုက်တွေ့ရှိခဲ့ပါသည်။ အာရှတိုက်တွင် လူတူပရိုင်းမိတ်ရုပ်ကြွင်းများကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် တွေ့ရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်ပေါင်း (၃၃.၇ သန်းမှ ၅၄.၈ သန်းကြား) ကာလဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှတွေ့ရှိသော ပရိုင်းမိတ်ရုပ်ကြွင်းများသည် ထိုင်းနိုင်ငံမှ ပရိုင်းမိတ်များထက် နှစ် ၃ သန်းခန့်စောကြောင်း သုံးသပ်ကြပြီး တရုတ်နိုင်ငံမှ ပရိုင်းမိတ်ရုပ်ကြွင်းများနှင့် မြန်မာနိုင်ငံမှ ပရိုင်းမိတ်ရုပ်ကြွင်းများသည် သက်တမ်းမတိမ်းမယိမ်းဖြစ်သော်လည်း ပုံတောင်ပရိုင်းမိတ်များက အရွယ်အစား ပိုမိုကြီးမားပြီး ပို၍ အဆင့်မြင့်ကြောင်း ပြည်တွင်း ပြည်ပ ပညာရှင်များက သတ်မှတ်ခဲ့ကြပါသည်။ ထို့ကြောင့်ပင် ကျောက်ခေတ်မတိုင်ခင်ကပင် မြန်မာတို့သည် မြန်မာ့ရေ မြန်မာ့မြေပေါ်တွင် နေထိုင်ခဲ့ကြောင်း အထောက်အထားများ စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

၂၀၀၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်းဖော်ထုတ်ချက်များအရ ကြေးခေတ်ကာလ ရှေးဦးမြန်မာ့လူ့အဖွဲ့အစည်းသည် ဘီစီ ၉၀၀ ခန့်မှစတင်ကာ ဖြစ်တည်ခဲ့သည့် ပထမဆုံးတွေ့ရှိမှုအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် အုတ်အိုင်ဒေသတွင် စတင်တွေ့ရှိရပြီးနောက် ဘုတလင်မြို့နယ် ညောင်ကန်ဒေသတွင်လည်းကောင်း၊ ၇၁၀ ဘီစီခန့်တွင် သံခေတ်ဦးကာလ လူ့အဖွဲ့အစည်းတစ်ရပ်သည် တောင်သမန်ဒေသတွင် လည်းကောင်း၊ ၅၃၀ ဘီစီမှ ၉၀ ဘီစီအတွင်း သံခေတ်လူ့အဖွဲ့အစည်းတစ်ရပ်သည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ရွာထင်ကုန်းရွာတွင်လည်းကောင်း ပေါ်ထွန်းခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့သဖြင့် မြန်မာနိုင်ငံတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် ယဉ်ကျေးမှုများ တစ်ဆက်တစ်စပ်တည်း ဖြစ်ပေါ်တည်ရှိခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်ပါသည်။

ထို့အပြင် ကြေးခေတ်ယဉ်ကျေးမှုနှင့် သံခေတ်ယဉ်ကျေးမှုဖြစ်သော စမုန်မြစ်ဝှမ်းယဉ်ကျေးမှုတို့ ဆက်စပ်နေပုံများ၊ စမုန်မြစ်ဝှမ်းယဉ်ကျေးမှုမှသည် ပျူခေတ်ယဉ်ကျေးမှုသို့ ကူးပြောင်းလာပုံ စသဖြင့် မြန်မာနိုင်ငံ၏ တစ်ဆက်စပ်တည်းဖြစ်တည်နေသည့် သမိုင်းအချက်အလက်များအား မြန်မာပညာရှင်များနှင့် ဖိတ်ခေါ်ထားသော နိုင်ငံခြားသားပညာရှင်များ ပူးပေါင်းကာ ရှာဖွေတွေ့ရှိခဲ့လေသည်။ ထိုတွေ့ရှိမှုများ၏ နောက်ဆက်တွဲအဖြစ် မြန်မာနိုင်ငံတွင်ရှိနေသည့် ပျူမြို့ဟောင်းသုံးမြို့ (သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်း) တို့အား ယူနက်စကိုမှ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သို့ ထည့်သွင်းသတ်မှတ်ခဲ့လေသည်။ ပျူခေတ်နှင့် ပုဂံခေတ်တို့၏ ဆက်စပ်တည်ရှိမှုအား ဆက်လက်ရှာဖွေကာ ပျူခေတ်ဟုဆိုနိုင်သည့် သရေခေတ္တရာမင်းဆက်၏နောက်ဆုံးမင်းဆက်သည် ပုဂံ၏ ပထမဆုံးမင်းဆက်အား တည်ထောင်ခဲ့သည် ဆိုသည့်အချက်အား စာပေအထောက်အထားများဖြင့်သော်လည်းကောင်း၊ ဗိသုကာလက်ရာ အထောက်အထားများအရသော် လည်းကောင်း၊ ကာဗွန်သက်တမ်းစစ်ဆေးခြင်း နည်းလမ်းများဖြင့်သော်လည်းကောင်း အထောက်အထားများစွာ ဆက်လက်တွေ့ရှိလာခဲ့ပါသည်။ ထိုကဲ့သို့ ကြိုးပမ်းအားထုတ်မှုများကြောင့် မြန်မာနိုင်ငံသားတို့သည် လူသားများအဖြစ် စတင်ဖြစ်တည်လာသည့်အချိန်ကတည်းကပင် ဤမြေဤရေတွင် စဉ်ဆက်မပြတ်နေထိုင်ခဲ့သည့် အထောက်အထားများအား ခိုင်မာစွာဖော်ထုတ်ပြသနိုင်လာခဲ့ပါသည်။




ပျူမြို့ဟောင်းများအား ယူနက်စကိုကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရန် ယူနက်စကိုမှကျင်းပသည့် အစည်းအဝေးအား ဒုတိယဝန်ကြီး(ငြိမ်း) ဒေါ်စန္ဒာခင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်စဉ်။

**မှားယွင်းနေသော မြန်မာ့သမိုင်းအား ပြန်လည်ပြင်ဆင်ရန် ကြိုးပမ်းခဲ့**

မြန်မာ့သမိုင်းအား ကိုလိုနီခေတ်အတွင်းတွင် နိုင်ငံခြားသမိုင်းဆရာများမှ လိုရာဆွဲရေးသားခြင်း၊ ရည်ရွယ်ချက်ရှိစွာဖြင့် လူမျိုးရေးခွဲခြားရေးဖြစ်ပေါ်စေရန် ရေးသားခြင်းများ လုပ်ဆောင်ခဲ့သဖြင့် လွန်ခဲ့သော နှစ် ၆၀ ခန့်တွင် မြန်မာနိုင်ငံအခြေပြသမိုင်းအဖြစ် ပြန်လည်ပြင်ဆင်ထုတ်ဝေခဲ့သော်လည်း နည်းပညာ အားနည်းချက်များ၊ တူးဖော်ရေးအားနည်းချက်များကြောင့် ထိရောက်စွာ ပြန်လည်ချေပနိုင်ရန် ခက်ခဲခဲ့ပါသည်။ မြန်မာသမိုင်းပညာရှင် ဒေါက်တာ သန်းထွန်း မကွယ်လွန်မီ ရေးသားခဲ့သော စာတမ်းများ၊ ဆောင်းပါးများတွင် မြန်မာ့သမိုင်းသည် နိုင်ငံခြားသားသမိုင်းဆရာတို့၏ ခြယ်လှယ်မှုမှ မလွတ်မြောက်နိုင်သေးကြောင်း၊ ၎င်းတို့မျိုးဆက်လက်ထက်တွင် ထိုလွှမ်းမိုးမှုအား ပြန်လည်ချေဖျက်ရန်အတွက် လိုအပ်သောအထောက်အထားများ မပြည့်စုံသေးခြင်း၊ ပြင်ဆင်နိုင်ရန် အခြေအနေမရှိသေးခြင်းတို့ကြောင့် နောင်မျိုးဆက်များအနေဖြင့် ဆက်လက်လုပ်ဆောင်သွားကြရန် တိုက်တွန်းခဲ့သည်ကို တွေ့ရှိရပါသည်။ ဒေါက်တာသန်းထွန်းနှင့် အတူ သုတေသနပြုလုပ်ဆောင်ခဲ့သော ရှေးဟောင်းသုတေသနပညာရှင် ဦးမောင်မောင်တင်ကလည်း “ယနေ့ခေတ်တွင် သမိုင်းကိုငြင်းခုံရာတွင် တုတ်ထမ်းဓားထမ်း ပြောရန်မလို၊ ပေါက်တူးထမ်း၍ တူးဖော်ရှာဖွေပြီး ငြင်းရန်” ပြောဆိုခဲ့ပါသည်။ နိုင်ငံတော်အစိုးရအဆက်ဆက်အနေဖြင့် ၁၉၇၀ နောက်ပိုင်းတွင် မြန်မာသမိုင်း၏ တစ်ဆက်တစ်စပ်တည်းဖြစ်တည်မှုအား မှန်ကန်စွာ ဖော်ပြနိုင်မည့် တူးဖော်သုတေသနပြုရေးနှင့် စမ်းသပ်စစ်ဆေးရေးများအား အထူးဝါယမစိုက်ထုတ်ကာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ *စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

### တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ရေးသားပြုစုရေးလုပ်ငန်း

မြန်မာ့သမိုင်းစဉ်တွင် ခိုင်ခိုင်မာမာ ကိုးကားစရာအဖြစ် လွန်ခဲ့သော နှစ် ၅၀ ကျော်က ရေးသားထားသည့် “အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း”သာရှိခဲ့ရာမှ နောက်ပိုင်းတွင် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ ဘာသာရပ်အလိုက် ကွင်းဆင်းလေ့လာသုတေသနပြုအသစ်တွေ့ရှိချက်များ၊ ပြည်ပခေတ်ခွဲခန်းများတွင် သိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှုများကြောင့် ပျူခေတ်ကာလသမိုင်းစဉ်သည်လည်း ပိုမို၍ ရုပ်လုံးပေါ်ပြည့်စုံလာပြီဟု ယူဆရပြီး တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အား ပြန်လည်ဖြည့်စွက် ပြင်ဆင်ရေးသားနိုင်မည့် ရလဒ်ကို မျှော်မှန်းနိုင်ပြီဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ်အား လုပ်ဆောင်ရန်အတွက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တစ်ဆက်စပ်တည်းသော မြန်မာ့သမိုင်းအား ရေးသားပြုစုရန် စတင်ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၂ ခုနှစ် ဖွန်လမှစတင်ကာ ၂၀၂၃ ခုနှစ် မေလအထိ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ဆိုင်ရာ အသစ်တွေ့ရှိရသည့် အထောက်အထားအချက်အလက်များကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များရှေ့တွင် ညှိနှိုင်းဆွေးနွေးခြင်း၊ စစ်ဆေးခြင်းနှင့် ဖြည့်စွက်ရေးသားခြင်းအတွက် ဆွေးနွေးပွဲလေးကြိမ်ကျင်းပကာ မူကြမ်းစာအုပ်အား စတင်ရေးသားခဲ့ပြီးဖြစ်ပါသည်။ ထိုစာအုပ်ထဲတွင် အခြေပြ



ပျူခေတ်ဆိုင်ရာ အထောက်အထားအချက်အလက်များ ဆွေးနွေးပွဲကျင်းပစဉ်။

> **“ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းအား ရေးသားပြုစုရန် စတင်ဆောင်ရွက်ခဲ့ ”**



မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော သမိုင်းစဉ်စာအုပ်ပြုစုရေး ကော်မတီအစည်းအဝေးကျင်းပစဉ်။

မြန်မာ့နိုင်ငံရေးသမိုင်းထဲမှ လိုအပ်ချက်များဖြစ်သည့် သိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှု (Carbon Dating Test)များ၊ မျိုးရိုးဗီဇစစ်ဆေးမှု (DNA Test)များအား ထပ်မံဖြည့်စွက်ကာ ၁၉၇၀ နောက်ပိုင်းတွင်တွေ့ရှိရသော တူးဖော်တွေ့ရှိမှုအထောက်အထားအသစ်များအား ထည့်သွင်းထားပါသည်။ အဆိုပါမူကြမ်းစာအုပ်တွင် မြန်မာနိုင်ငံသားများသည် ပရိုင်းမိတ်ဖြစ်ပေါ်လာသည့် ကာလမှစ၍ သံခေတ်ဟုဆိုနိုင်သည့် စမုန်မြစ်ဝှမ်းယဉ်ကျေးမှုကာလအထိ တစ်ဆက်တစ်စပ်တည်းပင် မြန်မာ့ရေမြေပေါ်တွင် ရှင်သန်နေထိုင်ခဲ့ကြသည့် သမိုင်းစဉ်အဆင့်ဆင့်အား အထောက်အထားခိုင်မာတိကျစွာ ရေးသားထားခဲ့ပါသည်။

ထိုဆွေးနွေးပွဲများနှင့် တစ်ဆက်တည်းပင် ပျူခေတ်ကာလ သမိုင်းစဉ်တို့နှင့်ပတ်သက်၍ ဆွေးနွေးပွဲများအား ၂၀၂၂ ခုနှစ် ဖွန်လမှ ၂၀၂၅ ခုနှစ် ဖွန်လအထိ လေးကြိမ်ပြုလုပ်ကာ ပျူခေတ်ကာလ ရှေးဦးမြန်မာများ၏ စာပေ၊ ယဉ်ကျေးမှု၊ ဗိသုကာပညာနှင့် အခြားသောကဏ္ဍများအား အသစ်တွေ့ရှိရသည့် အထောက်အထားများအား အခြေခံကာ ဖြည့်စွက်သင့်သည်ကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်သင့်သည်တို့ကို ပြင်ဆင်ခြင်းများ လုပ်ဆောင်ခဲ့ပါသည်။ ထိုဆွေးနွေးပွဲများ၏ ရလဒ်အဖြစ် ပျူမြန်မာ တစ်ဆက်တစ်စပ်တည်း ဖြစ်တည်ခဲ့မှုများ၊ ပျူခေတ်နှင့် ပုဂံခေတ်သည် တစ်ဆက်တစ်စပ်တည်း တည်ရှိနေမှုများအား အတည်ပြုနိုင်ခဲ့သဖြင့် မြန်မာ့သမိုင်းစဉ် ရေးသားခြင်းလုပ်ငန်းတွင် ကြီးမားသည့် အကျိုးသက်ရောက်မှုအား ဖြစ်ပေါ်စေခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲများ၏ ရလဒ်အရ ရှေးယခင်က သတ်မှတ်ခဲ့ကြသည့် မြန်မာတို့သည် တိဘက်ကုန်းပြင်မြင့်မှ ဆင်းသက်လာကာ မြန်မာနိုင်ငံသို့ အေဒီ ၈ ရာစုတွင် ဝင်ရောက်လာပြီး မြို့ပြတည်ထောင်ခဲ့သည်ဟူသော မှားယွင်းသည့် သမိုင်းအားပယ်ဖျက်ကာ လူသားများအဖြစ် စတင်ဖြစ်တည်လာမည့် ပရိုင်းမိတ်ကာလမှပင် မြန်မာတို့သည် မြန်မာ့ရေမြေပေါ်တွင် နေထိုင်ခဲ့ကြသည်ဟူသည့်အချက်အား မီးမောင်းထိုးဖော်ပြလာနိုင်ပါသည်။

ဆွေးနွေးပွဲများတွင် ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များစွာအား နယ်ပယ်အသီးသီးမှ ဖိတ်ခေါ်ကာ အပြန်ပြန်အလှန်လှန်စစ်ဆေးပြီး ရရှိလာသော မူကြမ်းများအား “မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ် ပြုစုပုံနှိပ်နိုင်ရေးကော်မတီ” သို့ပေးအပ်ကာ မြန်မာနိုင်ငံ၏ မှန်ကန်သော သမိုင်းအချက်အလက်များအား ခိုင်မာသော အချက်အလက်များအဖြစ် မှတ်တမ်းပြုစုရန်၊ ပြည်သူလူထုသိရှိစေရန် သမိုင်းစဉ်စာအုပ် ထုတ်ဝေရန်၊ ခိုင်မာသောသမိုင်းအား အခြေခံပညာနှင့် အဆင့်မြင့်ပညာရေး သင်ရိုးညွှန်းတမ်းများတွင် အနီးစပ်ဆုံးသော စာသင်နှစ်မှ စတင်ထည့်သွင်းရေးသားပြင်ဆင်ဖြည့်စွက်ပေးရန် လုပ်ဆောင်လျက်ရှိပါသည်။

#### ရှေးပညာရှိများ၏ မျိုးဆက်အမွေ

မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော သမိုင်းစဉ်စာအုပ်ပြုစုခြင်း၏ အဓိကရည်ရွယ်ချက်မှာ လူသားများ စတင်ဖြစ်တည်ချိန်မှ ပျူခေတ်အထိ တစ်ဆက်တစ်စပ်တည်း သမိုင်းနှင့် မြန်မာနိုင်ငံသမိုင်းတွင် ကွက်လပ်ဖြစ်နေသော ဟာကွက်များကို ဖြည့်ဆည်းရန်အတွက် အသစ်ထပ်မံတွေ့ရှိချက်အထောက်အထားများကို ပြင်ဆင်ဖြည့်စွက်ရန်၊ သမိုင်းစဉ်အထောက်အထားများကို အသစ်တွေ့ရှိချက်များသာမက ခေတ်မီသက်တမ်းတွက်ချက်မှုများကိုပါ ဖြည့်စွက်ရေးသားရန်နှင့် စစ်မှန်သော မြန်မာ့သမိုင်းပေါ်လွင်ရန်ဖြစ်၍ မြန်မာသမိုင်း အဖွဲ့ ပညာရှင်များနှင့် စိစစ်ရေးအဖွဲ့ ပညာရှင်များက တည်းဖြတ်ပေးရန်ဖြစ်ပါကြောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံမှ မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ပြုစု ပုံနှိပ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲတွင် ပြောကြားခဲ့ပါသည်။

ကိုလိုနီခေတ်တွင် ကိုလိုနီလူမျိုးခြားပညာရှင်များမှ ဘက်လိုက်ရေးသားခဲ့သော မှားယွင်းနေသည့် သမိုင်းအချက်အလက်များ၊ မြန်မာတို့၏ ဇာတိမာန်အား ရိုက်ချိုးစေရန် ရေးသားမှုများ၊ လူမျိုးရေးဘက်လိုက်ရေးသားမှုများအား နှောင်းကာလ မြန်မာ့သမိုင်းပညာရှင်များက ချေဖျက်ရန် ကြိုးစားခဲ့ကြသော်လည်း ထိုခေတ်ကာလ၏ အခြေအနေများကြောင့် အလုံးစုံပြန်လည်ပြင်ဆင်ရန် မဖြစ်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ထိုမှားယွင်းသော အချက်အလက်များအား ပညာရေးသင်ရိုးညွှန်းတမ်းများတွင် ဆက်လက်ဖော်ပြလျက်ရှိနေဆဲပင်ဖြစ်ပါသည်။ ယခုအခါတွင် စစ်မှန်သည့် မြန်မာ့သမိုင်းသည် တစ်စစနှင့် ပီပြင်စွာ ပေါ်ထွက်လာခဲ့သည်ဖြစ်ရာ “အခြေပြ မြန်မာ့နိုင်ငံရေးသမိုင်း” အား ရေးသားပြုစုခဲ့ကြသည့် ပညာရှင်များနှင့် နှောင်းခေတ်ကာလ သမိုင်းပညာရှင်များ ခေတ်အဆက်ဆက်ကြိုးစားအားထုတ်မှု၏ ရလဒ်ဟု ဆိုနိုင်မည်ဖြစ်ပါသည်။ ထိုပညာရှင်ကြီးများသည် ၎င်းတို့လက်ထက်တွင် ပြင်ဆင်ရန်ခက်ခဲသည်ကို သိရှိသဖြင့် နောင်တွင် မျိုးဆက်သစ်များ ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် အတတ်နိုင်ဆုံး အားထုတ်ကြိုးပမ်း ရေးသားထားသည်ဖြစ်ရာ ယခုအချိန်တွင် “တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်း” ရေးသားပြုစုရာတွင် ကြီးမားသော အထောက်အပံ့ပင် ဖြစ်လာခဲ့ပါသည်။ ယခုကျွန်တော်တို့မျိုးဆက်တွင် “တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်း” ရေးသားရာတွင် နိုင်ငံခြားပညာရှင်များ၏ ခြယ်လှယ်မှုကင်းလွတ်ကာ ခိုင်မာတိကျသော အထောက်အထားများစွာဖြင့် ခိုင်မာစွာ ရေးသားပြုစုနေခြင်းဖြစ်သော်လည်း အလုံးစုံ ပြည့်ဝမှန်ကန်ရန် လိုအပ်နေဆဲပင်ဖြစ်ပါသည်။ မျိုးဆက်သစ်များလက်ထက်တွင်လည်း အသစ်ထပ်မံတွေ့ရှိချက်များရှိလာပါက ပြင်ဆင်ဖြည့်စွက်ရဦးမည်ပင် ဖြစ်ပါသည်။ ထိုလုပ်ငန်းစဉ်ကြီးသည် မြန်မာနိုင်ငံသားများအတွက် အစဉ်အဆက်လုပ်ဆောင်ရမည့် အမျိုးသားရေးတာဝန်ဖြစ်ရာ “တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်း” ရေးသားပြုစုနေသည့် ကော်မတီ၏ လုပ်ဆောင်ချက်များသည် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ဖြစ်တည်လာပြီဖြစ်ပါသည်။ မိမိတို့၏သမိုင်းအစစ်အမှန်အား ပိုမိုသိရှိလာကာ အမျိုးဂုဏ်၊ ဇာတိဂုဏ်များ နိုးကြားလာနိုင်သဖြင့် “တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်း” ရေးသားပြုစုခြင်း လုပ်ငန်းကြီးအား အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် နိုင်ငံသူနိုင်ငံသားများအားလုံး ဝိုင်းဝန်းကူညီရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ လုပ်ဆောင်နေသော အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပညာရှင်များ၏ ကြိုးစားအားထုတ်မှုများ အောင်မြင်နိုင်စေရန်အတွက် မြန်မာနိုင်ငံသားများ အားလုံးကလည်း ဝမ်းမြောက်စွာ ကြိုဆိုအားပေးရမည်ပင်ဖြစ်ပါသည်။

- **မိမိတို့၏သမိုင်းအစစ်အမှန်အား ပိုမိုသိရှိလာကာ အမျိုးဂုဏ်၊ ဇာတိဂုဏ်များ နိုးကြားလာနိုင်သဖြင့် “တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်း” ရေးသားပြုစုခြင်းလုပ်ငန်းကြီးအား အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် နိုင်ငံသူနိုင်ငံသားများအားလုံး ဝိုင်းဝန်းကူညီရမည်ဖြစ်**
- **ထိုကဲ့သို့ လုပ်ဆောင်နေသော အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပညာရှင်များ၏ ကြိုးစားအားထုတ်မှုများ အောင်မြင်နိုင်စေရန်အတွက် မြန်မာနိုင်ငံသားများအားလုံးကလည်း ဝမ်းမြောက်စွာ ကြိုဆိုအားပေးရမည်ပင်ဖြစ်**

# မန္တလေးငလျင် ဘေးသင့်ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်း




**နေပြည်တော် ဩဂုတ် ၂၁**

မန္တလေးငလျင် ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယနေ့ မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့ ချမ်းသာကြီးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တနန္ဒဝံသနှင့် တပည့်ရဟန်း၊ သာမဏေ၊ ဒါယကာ၊ ဒါယိကာမတို့က ငွေကျပ်သိန်း ၁၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်ပေးအပ်လှူဒါန်းသည်။

ထိုသို့လှူဒါန်းငွေများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး(ယာပုံ) ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လယ်ဝေးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေခြင်းကို ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၂၁**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနား-တောင်ညိုလမ်းမကြီး သပြေကုန်းအပိုင်းအနီးတွင် ဆေးလိပ်ငွေ့ကင်းစင်ရေးအတွက် Billboard စိုက်ထူခြင်း အခမ်းအနားသို့ တက်ရောက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက "နေပြည်တော်တစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်ဖို့ အားလုံးပါဝင်ဆောင်ရွက်စို့" Billboard အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။



ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် အခြေခံပညာအလယ်တန်းကျောင်းသို့ သွားရောက်ပြီး ဆေးလိပ်ငွေ့ ကင်းစင်ရေး ကျောင်းအတွင်း လှုပ်ရှားမှုအဖြစ် ပြသထားသော မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုပြီး ဉာဏ်စမ်းပဟေဠိမေးမြန်းခြင်းနှင့် အသိပညာပေးဟောပြောပွဲ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် လယ်ဝေးမြို့သို့သွားရောက်ပြီး မြို့တွင်းလမ်းများ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ဆောက်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လယ်ဝေးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လစာလာရောက်ထုတ်ယူကြသော အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေခြင်းကိုကြည့်ရှုအားပေးကာ(ဝဲပုံ) စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့ သီရိမင်္ဂလာခန်းမသို့ သွားရောက်ပြီး နွားမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲကို တက်ရောက်အမှာစကားပြောကြားပြီး နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးက မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ နွားမွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ခင်းကျင်းပြသထားမှုများ၊ နွားအမျိုးအစားများ ပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒက္ခိဏသီရိစက်မှုဇုန်ရှိ Myanmar New Power Investment Group Co.,Ltd သို့ သွားရောက်ကာ စက်ရုံအတွင်း EV မော်တော်ဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဘုရင်ရေသန့်ရေခဲနှင့် ရေသန့်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်မည့် စက်ရုံတည်ဆောက်ခြင်းလုပ်ငန်း၊ EV ကား တပ်ဆင်ထုတ်လုပ်မည့် စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းနှင့် Eon Saw Mon ကုမ္ပဏီ၏ တန်ဖိုးမြှင့်ဝါးပေါင်းသား ယင်းလိပ်ထုတ်လုပ်နေသည့်လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အောင်သူရဦး(ပြန်/ဆက်)

# နတ်မောက်မြို့နယ် မြို့မဈေးကြီးအတွင်း အိုင်အိုဒင်းဆားရောင်းချမှု အရည်အသွေးစစ်ဆေး

**နတ်မောက် ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မြို့မဈေးကြီးအတွင်း အိုင်အိုဒင်းဆားရောင်းချမှု အရည်အသွေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို ယမန်နေ့နံနက်က ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာမများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ဈေးအတွင်း/အပြင်ရှိ ကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသော အိမ်သုံးဆားဖြစ်သည့် အိုင်အိုဒင်းဆားအရည်အသွေးပြည့်မီမှု ရှိ/မရှိ စစ်ဆေးခြင်း၊ အိုင်အိုဒင်းဓာတ်ချို့တဲ့ပါက ကိုယ်ဝန်ဆောင်မိခင်များတွင် သားပျက်၊ သားလျှောခြင်း၊ ကလေးအသေ မွေးဖွားခြင်း၊ ကလေးများခန္ဓာကိုယ်ကြီးထွားမှု နှေးကွေးခြင်း၊ ဉာဏ်ရည်နိမ့်ပါးခြင်းနှင့် ကလေးလူကြီးမရွေး လည်ပင်းကြီးရောဂါခံစားရခြင်း၊ သွက်လက်မှုမရှိဘဲ ထုံထိုင်းနှေးကွေးခြင်းများ ဖြစ်ကြောင်း စသည်တို့ကို အသိပညာပေးဟောပြောခဲ့သည်။

လှဝင်း



# ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၁**

ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်လမ်းရှိ ဝဇီရာရုပ်ရှင်ရုံ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် လုပ်ငန်းကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးချုပ်ရုံး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီသုံးခုတို့ကို ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားမှုနှင့်အညီ အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားစေလိုပါကြောင်း၊ ရုပ်ရှင်ရုံ၏ ရှေးလက်ရာများကို မပျောက်ပျက်စေရန် ပြုပြင်မှုများကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာပွဲများ ဖျော်ဖြေမှုမှတစ်ဆင့် နိုင်ငံ၏ဂုဏ်ကို ပြသနိုင်မည်ဖြစ်ပါကြောင်း၊ ဝဇီရာရုပ်ရှင်ရုံသည် ရှေးဟောင်းလက်ရာအမွေအနှစ် အဆောက်အအုံတစ်ခုဖြစ်ပြီး ရုပ်ရှင်ဇာတ်ကားများ ပြသနိုင်ရန်၊ ရုပ်ရှင်ရုံအဖြစ်သာမက ဇာတ်သဘင်၊ ဂီတဖျော်ဖြေပွဲများ အသုံးပြုနိုင်ရန်နှင့် လူအများအပန်းဖြေကြည့်ရှုနိုင်သည့် နေရာတစ်ခုဖြစ်ရန် ပညာရှင်များနှင့် နည်းပညာရှင်များက ဝိုင်းဝန်းထိန်းသိမ်း အကောင်အထည်ဖော်သွားစေလိုပါကြောင်း။

ဆပ်ကော်မတီများအနေဖြင့် မိမိတို့လုပ်ဆောင်ရမည့် ကဏ္ဍအလိုက် လျာထားချက်များ၊ ပုံစံများ၊ အချိန်ကာလခန့်မှန်းချက်နှင့် ခန့်မှန်းကုန်ကျမည့်ငွေ စသည်ဖြင့် လိုအပ်သည်များကို တွက်ချက်ပြုစုပြီး ပထမအဆင့်အဖြစ် လုပ်ငန်းကော်မတီထံ စက်တင်ဘာလ ဒုတိယပတ်ခန့်တွင် တင်ပြနိုင်ရေး ဆောင်ရွက်ပေးကြစေလိုပါကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီး ဦးရဲတင့်က ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

သတင်းစဉ်

(ဆောင်းပါးတွင် ဖော်ပြထားသည်များမှာ စာရေးသူ၏ အာဘော်သာ ဖြစ်ပါသည်။)

# ဒုတိယကမ္ဘာစစ်သမိုင်း၏ မှန်ကန်သောအမြင်ကို စွဲစွဲမြဲမြဲ ကိုင်စွဲကာ ငြိမ်းချမ်းသာယာသောအနာဂတ်ကို ဖန်တီးကြပါစို့

*မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စ မာကျား*

ဩဂုတ်လ ၇ ရက်နေ့တွင် ကျွန်မသည် လုပ်ဖော်ကိုင်ဖက်များနှင့်အတူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တရုတ်ခရီးရှည်ချီတက်တပ်အထိမ်းအမှတ် ကျောက်တိုင်သို့ သွားရောက်ဂါရဝပြုခဲ့ကြပါသည်။ နှစ်စဉ်တရုတ်သံရုံးက ဤကဲ့သို့သော ဂါရဝပြုအခမ်းအနားများ ပြုလုပ်လေ့ရှိပြီး သမိုင်းကို ပြန်လည်သုံးသပ်ကာ အာဇာနည်များအား အောက်မေ့ခြင်းနှင့် ထာဝရငြိမ်းချမ်းရေးအချက်ပြမှုများ ပြုလုပ်ရန် ဖြစ်ပါသည်။

ယခုနှစ်သည် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ် (၈၀) ပြည့်အထိမ်းအမှတ်ဖြစ်သဖြင့် ဤဂါရဝပြုအခမ်းအနားက ထူးခြားသော အနက်အဓိပ္ပာယ်ကို ဖော်ပြနေပါသည်။ အထိမ်းအမှတ်ကျောက်တိုင်ရှေ့တွင်ရပ်လျက် ကျွန်မ၏အတွေးသည် နှစ်ပေါင်း ၈၀ ကျော်ကာလသို့ ပြန်လည်ရောက်ရှိသွားခဲ့ပြီး တရုတ်-မြန်မာ နှစ်နိုင်ငံစစ်သည်များနှင့် ပြည်သူများအတူတကွ ပူးပေါင်းတိုက်ခိုက်ခဲ့ခြင်း၊ အပြန်အလှန်ထောက်ပံ့ကူညီခဲ့ကြသည့် ထိုကာလကို သတိရမိပါသည်။ နှစ်နိုင်ငံပြည်သူများ၏ အသက်သွေးဖြင့် ရင်းနှီးစွာ ဖွဲ့စည်းထားသော နက်နဲသည့် မေတ္တာတရားသည် စစ်မီးတောက်စဉ်ကာလက တရုတ်-မြန်မာ **“ဆွေမျိုး ပေါက်ဖော်”** ချစ်ကြည်ရေး၏ ရဲရင့်ထကြွသောသီချင်းတစ်ပုဒ်ကို သီဆိုစေခဲ့သည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၈၀ ကျော်ကာလက တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း၏ တရားမျှတမှုအတွက် ရပ်တည်နေသော အင်အားစုများသည် ရဲရင့်စွာ တွန်းလှန်တိုက်ခိုက်ခဲ့ပြီး မာန်မာနကြီးမားသော ဖက်ဆစ်အင်အားစုများကို အတူတကွအနိုင်ယူခဲ့ကြ၍ စစ်ပြီးခေတ် နိုင်ငံတကာစနစ် (International System)နှင့် နိုင်ငံတကာစည်းမျဉ်းစည်းကမ်း (International order) ၏ အခြေခံကို အတူတကွချမှတ်ခဲ့ကြသည်။

## ဒုတိယကမ္ဘာစစ်ကို မှန်ကန်စွာမြင်တတ်ရန် ကျွန်မ၏အမြင်များကို အတူတကွမျှဝေလို

နှစ်ပေါင်း ၈၀ ကျော်ကာလဖြစ်သောယနေ့ခေတ်တွင် တစ်ဖက်သတ်ဝါဒ (Unilateralism) သည် ပိုမိုအားကောင်းလာပြီး အနိုင်ကျင့်မှုများ ကျယ်ပြန့်လာကာ သမိုင်းကို မှားယွင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုသော အတွေးအခေါ်များ ပြန်လည်ပေါ်ထွန်းလာနေသည်။ အချို့သူများသည် အရှေ့ပိုင်းအဓိကစစ်မြေပြင်က ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်ပွဲအတွက် ဆောင်ရွက်ခဲ့သော အရေးပါမှုကို တမင်သက်သက် မေးမှိန်စေရန် ကြိုးစားနေကြသည်။ ကိုလိုနီစနစ်ကို သိသာထင်ရှားစွာဖြင့် အလှပြင်ပြောဆိုခြင်း၊ ဖက်ဆစ်ကျူးကျော်စစ်သမိုင်းကို တိုက်ရိုက်ငြင်းဆန်ခြင်းများပင် ရှိလာသည်။ ဤသို့သော အန္တရာယ်ရှိသည့် ယိမ်းယိုင်နေသောဦးတည်ချက်ကို ကျွန်မတို့ အလွန်ပင် သတိထားရမည်။ ဒုတိယကမ္ဘာစစ်ကို မှန်ကန်စွာမြင်တတ်ရန်အတွက် ကျွန်မ၏ အမြင်များကို အတူတကွ မျှဝေလိုပါသည်။

ဒုတိယကမ္ဘာစစ်သမိုင်း၏ ငြိမ်းချမ်းရေးအမြင်ကို စွဲစွဲမြဲမြဲကိုင်စွဲရမည်။ စစ်ပွဲသည် မှန်တစ်ချပ်ဖြစ်ရုံသာမက လူသားများအား ငြိမ်းချမ်းရေး၏ တန်ဖိုးကို ပိုမိုနားလည်စေနိုင်သည်။ ဒုတိယကမ္ဘာစစ်သည် လူသားသမိုင်း၏ အကြီးမားဆုံးဘေးဒုက္ခဖြစ်ခဲ့ပြီး အာရှ၊ ဥရောပ၊ အာဖရိကနှင့် အိုရှန်းနီးယား (Oceania ) ဒေသများအထိ ပျံ့နှံ့ခဲ့သည်။ နိုင်ငံပေါင်း ၆၀ ကျော် တိုက်ပွဲဝင်ခဲ့ပြီး နိုင်ငံနှင့် ဒေသပေါင်း ၈၀ ကျော်မှ လူဦးရေ နှစ်ဘီလီယံခန့်၊ ထိုအချိန်အခါက ကမ္ဘာ့လူဦးရေ၏ ငါးပုံလေးပုံခန့် စစ်ဘေးဒဏ်သင့်ခဲ့ကာ လူသားယဉ်ကျေးမှုများ အကြီးအကျယ်ပျက်စီးခဲ့ရသည်။ ဒုတိယကမ္ဘာစစ်၏ စစ်မီးကို ဂျပန်စစ်ဝါဒီများက ကမ္ဘာ၏အရှေ့ပိုင်းတွင် အစောဆုံးစတင်မီးပွားခဲ့သည်။

ထိုအချိန်မှစ၍ တရုတ်နိုင်ငံ၏ ကံကြမ္မာသည် အာရှ၏ ကံကြမ္မာ၊ ကမ္ဘာ့ ငြိမ်းချမ်းရေး မျှော်လင့်ချက်တို့နှင့် နီးနီးကပ်ကပ်ဆက်စပ်နေခဲ့သည်။ တရုတ်စစ်မြေပြင်ကို အစောဆုံးဖွင့်ခဲ့ပြီး အချိန်အကြာရှည်ဆုံးလည်းဖြစ်သည်။ ၁၉၃၁ ခုနှစ် စက်တင်ဘာ ၁၈ ရက် ဖြစ်စဉ်မှ ၁၉၄၅ ခုနှစ် ဂျပန်လက်နက်ချချိန်အထိ ၁၄ နှစ်ကြာခဲ့သောတိုက်ပွဲသည် တရုတ်ပြည်သူများသည် ကြီးမားစွာ စွန့်လွှတ်အနစ်နာခံခဲ့ရပြီး သေဆုံးဒဏ်ရာရသူဦးရေ ၃၅ သန်းကျော်ရှိခဲ့သည်။

## အနာဂတ်လမ်းကို ကောင်းစွာလျှောက်လှမ်း

စစ်ပွဲသည် လူသားမျိုးနွယ်အား အဆုံးမရှိသည့် ဆင်းရဲဒုက္ခနှင့် ဝမ်းနည်းပူဆွေးမှုများသာ ချန်ရစ်ခဲ့ပါသည်။ ဂျပန်စစ်ဝါဒီများ၏ လုပ်ရပ်များကြောင့် တရုတ်ပြည်သူများ၊ မြန်မာပြည်သူများနှင့် အာရှရှိ အခြားနိုင်ငံများ၏ ပြည်သူများသာမက ဂျပန်ပြည်သူများပါ ဒုက္ခရောက်ခဲ့ရပါသည်။ ဒုတိယကမ္ဘာစစ်သမိုင်းကို အမှတ်ရခြင်းသည် အငြိုးအတေးများ ဆက်လက်ထိန်းသိမ်းရန်မဟုတ်ဘဲ အနာဂတ်လမ်းကို ကောင်းစွာလျှောက်လှမ်းနိုင်ရန်နှင့် ငြိမ်းချမ်းရေး၏ အယူအဆမီးတောက်ကို မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် လက်ဆင့်ကမ်းနိုင်ရန်ဖြစ်ပါသည်။

> **“ ဒုတိယကမ္ဘာစစ်၏ နာကျင်ဖွယ်သင်ခန်းစာက လူသားတို့အား အင်အားကြီးသူက အင်အားငယ်သူကို နိုင်ကျင့်သော တောရိုင်းဥပဒေ (The Law of the Jungle) သည် လူသားအတူ ရှင်တွဲရှင်သန်ခြင်း လမ်းကြောင်းမဟုတ်ကြောင်း၊ တစ်ဖက်က နိုင်ပြီး တစ်ဖက်ကရှုံးသော (Zero-sum game) သည် လူသားတို့၏ ဖွံ့ဖြိုးတိုးတက်ရေး နည်းလမ်းမဟုတ်ကြောင်း၊ ကျူးကျော်တိုက်ခိုက်ခြင်း၊ လုယက်ခြင်းတို့သည် အင်အားကြီးနိုင်ငံဖြစ်စေရန် မဖြစ်မနေလုပ်ဆောင်ရမည့် နည်းလမ်းမဟုတ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှာဖွေခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့သာလျှင် လူ့အဖွဲ့အစည်းတိုးတက်ရေးအတွက် မှန်ကန်သည့်လမ်းကြောင်းနှင့် ထာဝရဆောင်ပုဒ်ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်အပြီး စစ်၏ ပြင်းထန်သော အနာဒဏ်ရာများ မကျက်မီနှင့် စစ်အေးတင်းမာမှုများ စတင်ချိန်တွင် တရုတ်-မြန်မာ ယခင်ခေါင်းဆောင်ကြီးများသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ရပ်ကို ပူးတွဲကြေညာခဲ့ကြပြီး ငြိမ်းချမ်းရေးကို ကာကွယ်ရန်၊ အချုပ်အခြာအာဏာကို ကာကွယ်ရန် သမိုင်းအဖြေဖြစ်လာခဲ့ကာ အချိန်၏စမ်းသပ်မှုကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ပြီး ငြိမ်းချမ်းရေး၏စွမ်းအားကို ပေါ်လွင်စေခဲ့ပါသည် ”**

ဒုတိယကမ္ဘာစစ်၏ နာကျင်ဖွယ်သင်ခန်းစာက လူသားတို့အား အင်အားကြီးသူက အင်အားငယ်သူကို နိုင်ကျင့်သော တောရိုင်းဥပဒေ (The Law of the Jungle) သည် လူသားအတူ ရှင်တွဲရှင်သန်ခြင်း လမ်းကြောင်းမဟုတ်ကြောင်း၊ တစ်ဖက်က နိုင်ပြီး တစ်ဖက်က ရှုံးသော (Zero-sum game) သည် လူသားတို့၏ ဖွံ့ဖြိုးတိုးတက်ရေး နည်းလမ်းမဟုတ်ကြောင်း၊ ကျူးကျော်တိုက်ခိုက်ခြင်း၊ လုယက်ခြင်းတို့သည် အင်အားကြီးနိုင်ငံဖြစ်စေရန် မဖြစ်မနေလုပ်ဆောင်ရမည့် နည်းလမ်းမဟုတ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှာဖွေခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့သာလျှင် လူ့အဖွဲ့အစည်း တိုးတက်ရေးအတွက် မှန်ကန်သည့် လမ်းကြောင်းနှင့် ထာဝရဆောင်ပုဒ်ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်အပြီး စစ်၏ ပြင်းထန်သောအနာဒဏ်ရာများ မကျက်မီနှင့် စစ်အေးတင်းမာမှုများ စတင်ချိန်တွင် တရုတ်-မြန်မာ ယခင်ခေါင်းဆောင်ကြီးများသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ရပ်ကို ပူးတွဲကြေညာခဲ့ကြပြီး ငြိမ်းချမ်းရေးကို ကာကွယ်ရန်၊ အချုပ်အခြာအာဏာကို ကာကွယ်ရန် သမိုင်းအဖြေဖြစ်လာခဲ့ကာ အချိန်၏စမ်းသပ်မှုကို ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ပြီး ငြိမ်းချမ်းရေး၏ စွမ်းအားကို ပေါ်လွင်စေခဲ့ပါသည်။

## လူပေါင်း သုံးသိန်းခန့် အသက်ဆုံးရှုံးခဲ့ရ

ဒုတိယကမ္ဘာစစ်သမိုင်း၏ တရားမျှတမှုအမြင်ကို စွဲစွဲမြဲမြဲကိုင်စွဲရမည်။ ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲသည် တရားမျှတမှုနှင့် မကောင်းမှု၊ အလင်းနှင့် အမှောင်၊ လွတ်လပ်မှုနှင့် ကျေးကျွန်ပြုမှုတို့အကြား ရှင်သန်ခြင်းနှင့် သေခြင်းဆိုင်ရာ ပြင်းထန်သော တိုက်ပွဲတစ်ခုဖြစ်သည်။ ဂျပန်စစ်ကျူးကျော်သူများသည် တရုတ်နှင့် အရှေ့တောင်အာရှတွင် လူသားချင်းမည်သည့်စာနာထောက်ထားမှုမျှ မရှိသော ကျူးကျော်မှုများစွာကို ကျူးလွန်ခဲ့သည်။ ၁၉၃၇ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ဂျပန်တပ်ဖွဲ့က နန်ကျင်းမြို့၌ လူသားအရွယ်မရွေး အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုလုပ်ဆောင်ခဲ့ပြီး ခြောက်ပတ်အတွင်း နန်ကျင်းမြို့သူ မြို့သားများနှင့် လက်နက်ချစစ်အရာရှိများကို ရက်စက်စွာသတ်ဖြတ်ခဲ့သည်။ လူပေါင်း သုံးသိန်းခန့် အသက်ဆုံးရှုံးခဲ့ရပြီး များစွာသော အမျိုးသမီးများ အဓမ္မပြုကျင့်ခံခဲ့ရသည်။ ယန်ဇီမြစ်ကြီးတွင် သွေးနီရဲရဲ စီးဆင်းခဲ့ရသည်။

ဤသည်မှာ ဒုတိယကမ္ဘာစစ်အတွင်း အရက်စက်ဆုံးသော စစ်ရာဇဝတ်မှုဖြစ်သလို လူသားယဉ်ကျေးမှုသမိုင်းတွင် ကြောက်လန့်ဖွယ်ရာ ရာဇဝတ်မှုကြီးလည်းဖြစ်သည်။ ဂျပန်စစ်ကျူးကျော်သူများသည် တရုတ်ပြည်သူများအပေါ် ကြောက်မက်ဖွယ်ကောင်းသော ဇီဝစစ်နှင့် ဓာတုစစ်များကို ဆင်နွှဲခဲ့ပြီး လူသားများကို စမ်းသပ်မှုများပြုလုပ်ကာ လူသားမျိုးနွယ်အပေါ် ကြီးမားသော ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဇွန်လတွင် ဂျပန်တပ်ဖွဲ့သည် အရှေ့တောင်အာရှတွင် ထိုင်း-မြန်မာမီးရထားလမ်းတည်ဆောက်ရန် စတင်ခဲ့ပြီး မဟာမိတ်စစ်သုံ့ပန်း ၆၂၀၀၀ နှင့် အတင်းအကျပ်ခိုင်းစေခံရသူ ၃၅၀၀၀၀ ကျော်အနက် မြန်မာအလုပ်သမား ၁၈၀၀၀၀ ပါဝင်အသုံးပြုခြင်းခံခဲ့ရသည်။

စစ်သုံ့ပန်းများနှင့် အလုပ်သမားများသည် ခေတ်နောက်ကျသော ကိရိယာများဖြင့် ပြင်းထန်သော အလုပ်များကိုလုပ်ကိုင်ခဲ့ရပြီး အစားအစာရှားပါးမှု၊ ရောဂါများကူးစက်ပျံ့နှံ့မှု စသည့် အကြောင်းများကြောင့် လူပေါင်း ၁၅၀,၀၀၀ နီးပါး သေဆုံးခဲ့ရသည်။ သေဆုံးမှုနှုန်းမှာ ၃၇ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ ဤ **“သေမင်းတမန်မီးရထားလမ်း”** သည် အရှေ့တောင်အာရှတွင် ဂျပန်တပ်ဖွဲ့၏ ရက်စက်ကြမ်းကြုတ်သော စစ်အုပ်ချုပ်မှု၏ ခိုင်လုံသော အထောက်အထား ဖြစ်သည်။

ဝမ်းနည်းစရာကောင်းသည်မှာ ယနေ့ထိတိုင် ဂျပန်တပ်ဖွဲ့၏ ရက်စက်ကြမ်းကြုတ်သော ကျူးလွန်မှုများကို ငြင်းဆန်နေသူများ၊ ဂျပန်၏ “Greater East Asia Co-Prosperity Sphere (GEACPS) တည်ဆောက်ခြင်း” နှင့် “အာရှလွတ်မြောက်ရေး”အတွက် အလံထောင်ပြီး အော်ဟစ်အားပေးနေသူများ၊ လက်ထဲတွင် သွေးစွန်းနေသော စစ်ရာဇဝတ်ကောင်များ၏ ဝိညာဉ်များကို ဂါရဝပြုနေသူများလည်း ရှိနေဆဲဖြစ်သည်။ ဤအရာများသည် အမှားအမှန်ကို ဝေဝါးစေပြီး လူသားတို့၏ ကျင့်ဝတ်နှင့်ပတ်သက်၍ စိန်ခေါ်မှုများဖြစ်စေသည်။ တရုတ်ပြည်သူများနှင့် အရှေ့တောင်အာရှပြည်သူများ၏ ဂျပန်ဆန့်ကျင်ရေးစစ်ပွဲသည် ဂျပန်စစ်အာဏာရှင်စနစ်၏ ကျူးကျော်စစ်ကို တော်လှန်ခြင်း၊ နယ်မြေအချုပ်အခြာအာဏာကို ပြန်လည်ရယူခြင်း၊ အမျိုးသားလွတ်မြောက်ရေးအတွက် ကြိုးပမ်းခြင်း၊ လွတ်လပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကာကွယ်ခြင်းဆိုသည့် တရားမျှတသော စစ်ပွဲဖြစ်ကာ ၎င်းသည် တိုးတက်သော ကျူးကျော်စစ် ဆန့်ကျင်ရေး စစ်ပွဲဖြစ်ပြီး ၎င်း၏ဝိသေသနမှာ တရားမျှတမှုပင် ဖြစ်သည်။ သမိုင်းသည် ဖြစ်ပျက်ခဲ့ပြီးဖြစ်သလို တရားမျှတမှုသည် ကေန်မုချအဆိုးကို အနိုင်ယူပြီး အလင်းသည် အမှောင်ကို ကေန်မုချ အနိုင်ယူလိမ့်မည်ဟု ဆက်လက်သက်သေပြလိမ့်မည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ဒုတိယကမ္ဘာစစ်သမိုင်း၏ ပကတိအမြင်ကို စွဲစွဲမြဲမြဲကိုင်စွဲရမည်။ စစ်အေးခေတ်ကာလ၏ အတွေးအခေါ်နှင့် အယူဝါဒ (Ideology) ဆိုင်ရာ ဘက်လိုက်မှုများ၏ လွှမ်းမိုးမှုအောက်တွင် တရုတ်နိုင်ငံ ဂျပန်ကျူးကျော်မှု ခုခံရေးစစ်ပွဲ၏ အခန်းကဏ္ဍနှင့် အရေးပါမှုသည် ကာလကြာရှည်စွာ အာရုံစူးစိုက်မှုနှင့် အသိအမှတ်ပြုမှုများ မရရှိခဲ့ပါ။ ပထဝီနိုင်ငံရေး အကျိုးစီးပွားများရရှိစေရန် နိုင်ငံအချို့ နှင့် နိုင်ငံရေးသမားအချို့သည် သမိုင်းဖြစ်ရပ်မှန်ဆိုင်ရာ အချက်အလက်များကို လျစ်လျူရှုပြီး ဒုတိယကမ္ဘာစစ်တွင် တရုတ်နိုင်ငံ၏ သမိုင်းဝင် အကျိုးထမ်းဆောင်မှုများကို ငြင်းပယ်ရန် ကြိုးပမ်းခဲ့ကြသည်။

စစ်မှန်သောဖြစ်ရပ်မှာ အနောက်ပိုင်း အဓိကနိုင်ငံများက ဂျပန်ကျူးကျော်စစ်ကို စေ့စပ်၍အလျှော့ပေးခြင်းနှင့် လက်လွှတ်စပယ်ပြုမူဝါဒများ ချမှတ်သည့်အခါမှာ တရုတ်လူမျိုးများက ဖက်ဆစ်ဆန့်ကျင်ရေး သိမ်းပိုက်မှုအလံကို အမြင့်သို့ ဆွဲတင်၍ ခုခံထကြွကာ ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ၏ ပထမဆုံးပစ်ချက်အဖြစ် ကမ္ဘာ့ဖက်ဆစ် ဆန့်ကျင်ရေးစစ်ပွဲ၏ ပွဲဦးထွက်အခန်းကို ထုတ်ဖော်ပြသခဲ့သည်။ ၁၉၃၁ ခုနှစ်မှ ၁၉၄၁ ခုနှစ်အတွင်း တရုတ်လူမျိုးများသည် ဂျပန်ဖက်ဆစ်ဝါဒ၏ အလုံးအရင်းထိုးစစ်ဆင်မှုကို အမှီအခိုကင်းစွာ ခုခံခဲ့ကြသည်။ ၁၉၃၉ ခုနှစ် စက်တင်ဘာလတွင် ဂျာမနီက ပိုလန်ကို မကျူးကျော်ခင် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲသည် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ၏ အဓိက စစ်မြေပြင်ဖြစ်သည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလတွင် ပစိဖိတ်စစ်ပွဲမဖြစ်ပွားမီတွင် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲသည် ဂျပန်ဖက်ဆစ်ကျူးကျော်မှုကို ဆန့်ကျင်သည့် တစ်ခုတည်းသော စစ်မြေပြင်ဖြစ်သည်။

## အဆုံးစွန်ထိ တိုက်ပွဲဝင်ခဲ့ကြကာ မဟာအောင်ပွဲကြီးကို ရရှိခဲ့သည်

တရုတ်ကွန်မြူနစ်ပါတီက အဆိုပြုပြီး ထူထောင်ခဲ့သော ဂျပန်ဆန့်ကျင်ရေး အမျိုးသားညီညွတ်ရေးတပ်ဦး၏ အလံတော်အောက်မှာ တရုတ်ပြည်သူပြည်သားများက စည်းလုံးညီညွတ်ပြီး သွေးထွက်သံယိုမှုများနှင့် အဆုံးစွန်ထိ တိုက်ပွဲဝင်ခဲ့ကြကာ နောက်ဆုံးတွင် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲသည် မဟာအောင်ပွဲကြီးကို ရရှိခဲ့ပါသည်။ Oxford University China Centre ၏ ဒါရိုက်တာ Rana Mitter က သူ၏ Forgotten Ally: China's World War II စာအုပ်၌ **"ဆယ်စုနှစ်တစ်ခုကြာခဲ့သည့် ထိုကမ္ဘာလုံးဆိုင်ရာစစ်ပွဲနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ နားလည်မှုသည် တရုတ်နိုင်ငံ၏ အခန်းကဏ္ဍကို လုံလောက်စွာထည့်သွင်းရန် ပျက်ကွက်ခဲ့သည်"** ဟု ရှင်းလင်းစွာဖြင့် ရေးသားခဲ့သည်။

လွန်ခဲ့သည့် ၁၉၃၈ ခုနှစ်တွင် တရုတ်နှင့် ဂျပန်တို့၏ စစ်ပွဲဝင်အင်အား စုစုပေါင်း လေးသန်းကျော်ရှိခဲ့ပြီး ထိတွေ့တိုက်ပွဲတစ်လျှောက်လုံး ကီလိုမီတာ ၁,၈၀၀ ကျော် ရှည်လျားကာ တိုက်ပွဲဇုန်ဧရိယာသည် စတုရန်းကီလိုမီတာ ၁ ဒသမ ၆ သန်းခန့် ကျယ်ဝန်းသည်။ တရုတ်လူမျိုး သန်း ၄၀၀ ကျော်သည် စစ်ပွဲတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောအားဖြင့် ဆွဲသွင်းပါဝင်ခြင်းခံခဲ့ကြရသည်။ တရုတ်စစ်မြေပြင်များတွင် ဂျပန်ကြည်းတပ်ဖွဲ့အင်အား၏ သုံးပုံနှစ်ပုံကျော်နှင့် ရေတပ်နှင့်လေတပ်၏ တစ်စိတ်တစ်ပိုင်းအင်အားများကို ခုခံတားဆီးနိုင်ခဲ့ကာ ဂျပန်ဖက်ဆစ်ဝါဒ၏ ခြေလက်ကို တင်းတင်းကျပ်ကျပ်ချည်နှောင်ပြီး ၎င်းအား နှစ်ရှည်စစ်ပွဲ၏ လျှိုထဲတွင် ပိတ်နေနိုင်စေကာ သူ့အလိုလို မရုန်းထွက်နိုင်ခဲ့ပေ။

တရုတ်၏ နှစ်ရှည်ခုခံမှုများကြောင့် ဂျပန်၏ မြောက်ဘက်ဆိုက်ဘေးရီးယားသို့ ကျူးကျော်ခြင်းအစီအစဉ်ကို ရပ်တန့်စေပြီး ဂျပန်၏ တောင်ဘက်အရှေ့တောင်အာရှသို့ ချီတက်သောခြေလှမ်းကို တားဆီးနိုင်ခြင်းနှင့် နှောင့်နှေးစေနိုင်ခဲ့သည့်အတွက် အမေရိကန်၊ ဗြိတိန်တို့နှင့် ဂျပန်၏ စစ်ပွဲကို ထိထိရောက်ရောက် ပံ့ပိုးပေးခဲ့ကာ ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲတွင် လုံးလုံးအောင်နိုင်ရေးအတွက် ခိုင်မာသော အုတ်မြစ်ချနိုင်ခဲ့သည်။ အမေရိကန်သမ္မတ သီယိုဒိုး ရုစဗဲ့ (Theodore Roosevelt) က **"တရုတ်နိုင်ငံမရှိရင်၊ တရုတ်နိုင်ငံသာရှုံးခဲ့ရင် ဂျပန်တပ်သားဘယ်လောက်က စစ်တိုက်ဖို့ တခြားနေရာတွေကို ပြောင်းရွှေ့နိုင်ခဲ့မလဲ။ သူတို့က ဩစတြေးလျ၊ အိန္ဒိယတို့ကို ချက်ချင်းသိမ်းပိုက်နိုင်ပြီး အရှေ့အလယ်ပိုင်းကိုတောင် အလျင်စလိုနဲ့ ရောက်သွားနိုင်တယ်"** ဟု ပြောကြားခဲ့ဖူးပါသည်။

ဒုတိယကမ္ဘာစစ်သမိုင်း၏ ဘက်စုံအမြင်ကို စွဲစွဲမြဲမြဲကိုင်စွဲရမည်။ ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ၏ အောင်ပွဲသည် တရုတ်၊ ဥရောပ၊ ပစိဖိတ်နှင့် မြောက်အာဖရိကတိုက် စစ်မြေပြင်များတွင် ရရှိခဲ့သည့် ပူးတွဲအောင်ပွဲဖြစ်ပြီး စစ်မြေပြင်တစ်ခုစီ၏ အကျိုးထမ်းရွက်မှုများကို ဖျောက်ဖျက်ပစ်၍မရပါ။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အနောက်တောင်ဘက်တွင် တည်ရှိပြီး အနောက်ဘက်တွင် အိန္ဒိယနှင့် အိန္ဒိယသမုဒ္ဒရာတို့ ထိစပ်နေသည့်အတွက် အရေးကြီးသော ဗျူဟာမြောက်နေရာတွင် ရပ်တည်နေသည်။ မြန်မာ့စစ်မြေပြင်သည် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အရှေ့ပိုင်းစစ်ပွဲ၏ အရေးပါသော အစိတ်အပိုင်း ဖြစ်သည်။

## မြန်မာ့တပ်သားများ ချီးကျူးဂုဏ်ယူစွာ ရေးသားခဲ့ကြ

တရုတ်၊ အမေရိကန်၊ ဗြိတိန်စသည့်နိုင်ငံများမှ တပ်ဖွဲ့များသည် မြန်မာ့တပ်သားများနှင့်အတူ ဂျပန်ကျူးကျော်သူများကို တိုက်ထုတ်ကာ ချီးကျူးထိုက်၊ ဂုဏ်ယူထိုက်သော ဇာတ်လမ်းများစွာကို ရေးသားခဲ့ကြသည်။ ယူနန်-မြန်မာလမ်းမကြီး (ယူနန်ပြည်နယ် ကူမင်းမြို့ - မြန်မာနိုင်ငံလားရှိုးမြို့)သည် ၁၉၃၈ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ပြီး တရုတ်စစ်မြေပြင်နှင့် မဟာမိတ်တပ်များကြား တစ်ခုတည်းသော ဘေးကင်းသည့်လမ်းကြောင်း ဖြစ်လာခဲ့သည်။ တရုတ်နိုင်ငံသို့ နိုင်ငံတကာအကူအညီ အမြောက်အမြားကို ဤလမ်းမှတစ်ဆင့် ဂျပန်၏ ကျူးကျော်မှုကို ခုခံသည့် တရုတ်စစ်မြေပြင်အသီးသီးသို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ယင်းထောက်ပံ့ပစ္စည်းအများစုကို ရန်ကုန်ဆိပ်ကမ်းမှ လားရှိုးမြို့သို့ ရထားလမ်းဖြင့် ပို့ဆောင်သွားပြီးနောက် ယူနန်-မြန်မာ လမ်းမကြီးမှ ဝမ်တိန်ကို ကျော်ဖြတ်၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် ဂျပန်တပ်ဖွဲ့သည် ယူနန်-မြန်မာလမ်းမကြီးကို ဖြတ်တောက်ရန် မြန်မာနိုင်ငံကို အကြီးအကျယ် ကျူးကျော်တိုက်ခိုက်ခဲ့သည်။ တော်လှန်ရေးစစ်ပွဲအတွင်း တရုတ်နိုင်ငံ၏ နောက်ဘက်နယ်မြေများကို ခုခံကာကွယ်ရန်နှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ မဟာမိတ်အဖွဲ့၏ တရားမျှတသော လုပ်ဆောင်မှုများကို ထောက်ပံ့ရန်အတွက် တရုတ်ခရီးရှည်ချီတက်တပ်မှ စစ်သည် ၄၀၀၀၀၀ ကျော်ကို မြန်မာပြည်တွင်းသို့ စေလွှတ်ခဲ့ပြီး မြန်မာစစ်မြေပြင်သို့ တိုက်ပွဲဝင်ခဲ့ကာ အသေအပျောက် လူဦးရေ ၂၀၀၀၀၀ နီးပါး နစ်နာဆုံးရှုံးခဲ့ရသည်။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် မြန်မာပြည်သားများက ဂျပန်ကျူးကျော်သူများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခုခံတော်လှန်ရာ နောက်ဆုံးတွင် ဂျပန်တို့အား မြန်မာနိုင်ငံမှ ဆုတ်ခွာသွားစေခဲ့သည်။

ဒုတိယကမ္ဘာစစ်သမိုင်း၏ ဘက်စုံအမြင်တွင် စစ်ပြီးခေတ် နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းကို နားလည်သဘောပေါက်ခြင်းလည်း ပါဝင်ပါသည်။ ဒုတိယကမ္ဘာစစ် မပြီးဆုံးခင်နှင့်အပြီးတွင် နိုင်ငံတကာအသိုက်အဝန်းမှ အရေးကြီးဆုံးသော ဆုံးဖြတ်ချက်တစ်ခု ချမှတ်ခဲ့သည်မှာ ကုလသမဂ္ဂကို ထူထောင်ရေးပင်ဖြစ်သည်။ ယနေ့ ရှုပ်ထွေးပွေလီသော နိုင်ငံတကာအခင်းအကျင်းနှင့် ရင်ဆိုင်နေရချိန်၌ ကုလသမဂ္ဂကို ဗဟိုပြုသော အပြည်ပြည်ဆိုင်ရာစနစ်၊ နိုင်ငံတကာ ဥပဒေအပေါ် အခြေခံထားသော နိုင်ငံတကာစည်းမျဉ်းစည်းကမ်း၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့် အခြေခံမူများအပေါ် အခြေခံထားသော နိုင်ငံတကာဆက်ဆံရေး အခြေခံစံနှုန်းများအား ကျွန်ုပ်တို့ ဆက်လက်ခိုင်မြဲစွာ ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

## တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အတည်ပြု

ယခုနှစ်သည် ထိုင်ဝမ်ပြည်နယ် ဂျပန်ကိုလိုနီလက်အောက်မှ လွတ်မြောက်သော နှစ် ၈၀ ပြည့်လည်း ဖြစ်သည်။ ထိုင်ဝမ်ပြည်နယ်က တရုတ်နိုင်ငံပြည်မကြီးနှင့် ပြန်လည်ပေါင်းစည်းခြင်းသည် ဒုတိယကမ္ဘာစစ် အောင်ပွဲရလဒ်နှင့် စစ်ပြီးခေတ် နိုင်ငံတကာစည်းမျဉ်းစည်းကမ်းအတွက် အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ 《ကိုင်ရိုကြေညာစာတမ်း (Cairo Declaration) 》နှင့် 《ပို့စ်စဒန်ကြေညာစာတမ်း (The Potsdam Declaration)》 ကဲ့သို့သော နိုင်ငံတကာတရားဥပဒေစိုးမိုးရေးဆိုင်ရာ စာရွက်စာတမ်းများသည် ထိုင်ဝမ်ပြည်နယ်အပေါ် တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာကို အတည်ပြုခဲ့ပြီး စစ်ပြီးခေတ် နိုင်ငံတကာစည်းမျဉ်းစည်းကမ်း၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ခဲ့သည်။

၁၉၇၁ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ထောက်ခံမဲအများဆုံးဖြင့် ဆုံးဖြတ်ချက်အမှတ် ၂၇၅၈ ကို အတည်ပြုခဲ့ပြီး ကုလသမဂ္ဂတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရားဝင်အခွင့်အရေးအားလုံးကို ပြန်လည်အတည်ပြုကာ ထိုင်ဝမ်အာဏာပိုင်များ၏ ကိုယ်စားလှယ်များကို ကုလသမဂ္ဂနှင့် ၎င်း၏ အေဂျင်စီများအားလုံးမှ ချက်ချင်းနှင်ထုတ်ခဲ့သည်။ ဤဆုံးဖြတ်ချက်သည် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို အတည်ပြုခဲ့သည်။ ဆိုလိုသည်မှာ ကမ္ဘာပေါ်တွင် တရုတ်တစ်နိုင်ငံတည်းသာ ရှိသည်။ ထိုင်ဝမ်ပြည်နယ်သည် တရုတ်နိုင်ငံ၏ အစိတ်အပိုင်းဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရသည် တရုတ်နိုင်ငံကို ကိုယ်စားပြုသည့် တစ်ခုတည်းသော တရားဝင်အစိုးရဖြစ်သည်။

တောင်ငူ၊ ရေနံချောင်းနှင့် မြစ်ကြီးနားမြို့တို့ရှိ တရုတ်ခရီးရှည်ချီတက်တပ် အထိမ်းအမှတ်ကျောက်တိုင်များ၊ ယူနန်-မြန်မာ လမ်းမကြီးနှင့် ဝမ်တိန်တံတားတို့သည် တရုတ်နှင့် မြန်မာတို့၏ ဖက်ဆစ်ဝါဒဆန့်ကျင်ရေး ပူးပေါင်းတိုက်ဖျက်မှု၏ သမိုင်းဝင် အမှတ်ရနေရာများဖြစ်ကြသည်။ ဤအခက်အခဲများကို အတူကြုံတွေ့ခဲ့ရသည့်အတွက်ကြောင့် ငြိမ်းချမ်းရေး၏တန်ဖိုးကို ကျွန်ုပ်တို့ ပိုပြီး လေးလေးနက်နက် နားလည်သိရှိကြပါသည်။ တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်က **"ဒုတိယကမ္ဘာစစ်ကြီး၏ လေးနက်သော သင်ခန်းစာများနှင့် ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲကြီး မဟာအောင်ပွဲများစသည့် သမိုင်းကြောင်းများမှ သင်ခန်းစာယူ၍ ဉာဏ်ပညာနှင့် ခွန်အားများရယူကြရမည်ဖြစ်ကြောင်း၊ လွှမ်းမိုးရေးဝါဒ (Hegemonism) နှင့် အင်အားကြီးနိုင်ငံရေး (Power politics) ဆိုင်ရာ နည်းမျိုးစုံကို ပြတ်ပြတ်သားသားဆန့်ကျင်ပြီး လူသားတို့အတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကိုဖန်တီးရန် အတူတကွလုပ်ဆောင်ကြပါဟု ထောက်ပြပြောကြားခဲ့သည်။"**

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့်အတူ ဒုတိယကမ္ဘာစစ် အောင်ပွဲရလဒ်နှင့် စစ်ပြီးခေတ် နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများကို ထိန်းသိမ်းခြင်း၊ နိုင်ငံတကာ အမှန်တရားနှင့် တရားမျှတမှုကို ကာကွယ်ခြင်း၊ တရုတ်-မြန်မာ အေးအတူ ပူအမျှ အသိုက်အဝန်း တည်ဆောက်ရေးကို တိုးမြှင့်ပြီး လူသား အေးအတူပူအမျှအသိုက်အဝန်း တည်ဆောက်ရေးတွင် ကြီးမားစွာအကျိုးထမ်းဆောင်သွားမည်ဖြစ်သလို ကမ္ဘာကြီးအား ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ သာယာဝပြောရေးနှင့် တိုးတက်မှုဆီသို့ ဦးတည်သွားရန် ဆန္ဒရှိပါသည်။ ။

# ကန့်ဘလူမြို့၌ သဘာဝဘေးကာကွယ်ရေး သရုပ်ပြ



**ကန့်ဘလူ ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးကန့်ဘလူ မြို့၌ သဘာဝဘေး ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့က အမှတ်(၁) ရပ်ကွက်ရှိ မီးရထားကန်ကြီးအတွင်း ဆောင်ရွက်သည်။

သဘာဝဘေး ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်း (ရေပြင်ရှာဖွေကယ်ဆယ်ရေး) သရုပ်ပြဆောင်ရွက်မှုကို ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဌေးဝင်း၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်လင်း ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်များက သရုပ်ပြလေ့ကျင့်ကြသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ကျိုင်းတုံမြို့၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**ကျိုင်းတုံ ဩဂုတ် ၂၁**

ကျိုင်းတုံမြို့၌ အခွန်ပညာပေး ရှင်းလင်းပွဲကို ဩဂုတ် ၁၈ ရက်က ပြည်တွင်းအခွန်ဦးစီးဌာန ကျိုင်းတုံမြို့နယ် အခွန်ဦးစီးဌာန မှူးရုံး၌ ကျင်းပသည်။

ရှင်းလင်း ဆွေးနွေးပွဲတွင် ကျိုင်းတုံမြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်ကေသွယ်ကျော်က အခွန်ကောက်ခံရသည့် ရှည်ရွယ်ချက်များအကြောင်း၊ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ အကြောင်း



စသည့် သိကောင်းစရာများကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသည့် စားသောက်ဆိုင်၊ ဟိုတယ်၊ တည်းခိုခန်း လုပ်ငန်းရှင်များက သိလိုသည်များ မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



## ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် အဆိုပြုလုပ်ငန်းစီမံကိန်းများလျာထားနိုင်ရေး အစည်းအဝေးတက်ရောက်

ဟားခါး ဩဂုတ်၂၁

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အဆိုပြုလုပ်ငန်းစီမံကိန်းများ လျာထားနိုင်ရေးအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။(**အပေါ်ပုံ**)

ဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင်ပါဝင်သည့် ဌာနဆိုင်ရာများအနေဖြင့် မဖြစ်မနေထားရှိရမည့် မူဝါဒများအပေါ်အခြေခံ၍ လုပ်ငန်းစီမံကိန်းများ အဆိုပြုလျာထားရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်တွင်ပါဝင်သော စည်ပင်သာယာရေးအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ စာရင်းစစ်ချုပ်ရုံး၊ မီးသတ်ဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဥပဒေရုံး၊ သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ အမှတ် (၃) ကုန်းမြင့်ဒေသလယ်ယာမြေဖော်ထုတ်ရေးစီမံကိန်းရုံး၊ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် အဆိုပြုလုပ်ငန်းစီမံကိန်းလျာထားချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## ဒူးရင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပပို့ကုန်တင်ပို့နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ပဲခူး ဩဂုတ် ၂၁

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီးဒူးရင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပပို့ကုန်တင်ပို့နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့ သီရိဟံသာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဒူးရင်းသီးနှံ စိုက်ပျိုးရေးဆိုင်ရာ ပညာရှင်များ၏ အကြံပြုချက်များအပေါ် လိုက်နာမှတ်သားပြီး မိမိတို့၏ နည်းပညာ၊ အတွေ့အကြုံများအပေါ်အခြေခံ၍ လက်တွေ့ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဖော်ထုတ်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဒူးရင်းသီးနှံကို ပြည်တွင်းနှင့် ဒေသတွင်းနိုင်ငံများ၌ စိုက်ပျိုးထုတ်လုပ်နေမှု၊ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနည်းလမ်းများနှင့် ပြည်ပဈေးကွက်အနာဂတ်အလားအလာ၊ ဒူးရင်းမျိုးသစ်များ၏ အသိပညာများ၊ မြန်မာ့ဒူးရင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ဈေးကွက်သစ် ဖော်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုတို့ကို ဆွေးနွေးတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒူးရင်းသီးနှံဒေသမျိုးများ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုအားပေးကြသည်။ (**အောက်ပုံ**)

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား



နေပြည်တော် ဩဂုတ် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည် ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်း ၉ ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့၍ နောင်ချိုမြို့နယ်အတွင်း စုစုပေါင်း အခြေခံပညာကျောင်း ၈၇ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၅၅၇ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၀၂၂၉ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

**ကျန်းမာရေးစောင့်ရှောက်**

ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၂၉ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၁၅ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်း၊ ဒေသခံ တိုင်းရင်းသားပြည်သူ ၁၅ ဦးအား ငှက်ဖျားပိုးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၃၁ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မသန်စွမ်းသက်ကြီးသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများခေါ်ယူ

**မသန်စွမ်းသက်ကြီးသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများခေါ်ယူခြင်း**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်)တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွင်း အမှတ်စဉ်(၂)၊ (၃) လသင်တန်းများဖြစ်သော ဆံသသင်တန်း၊ စက်ချုပ်သင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် တံဆိပ်ရိုက်သင်တန်းများကို ၈.၉.၂၀၂၅ ရက်မှ ၅.၁၂.၂၀၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

**သတ်မှတ်ချက်များ**

၁။ ကိုယ်အင်္ဂါမသန်စွမ်းသူ ဖြစ်ရမည်။
၂။ အသက်(၁၈)နှစ်မှ (၄၅)နှစ်အတွင်းရှိသူဖြစ်ရမည်။
၃။ နေ့စဉ်တစ်ကိုယ်ရေလုပ်ငန်းဆောင်တာများအား ဆောင်ရွက်နိုင်သူဖြစ်ရမည်။
၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေး လျှောက်ထားနိုင်သည်။
၅။ သင်တန်းကာလပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။

**သင်တန်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ မှတ်ပုံတင်မိတ္တူ
၂။ အိမ်ထောင်စုဇယားမိတ္တူ
၃။ ပညာအရည်အချင်းထောက်ခံစာမိတ္တူ
၄။ ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ
၅။ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ အမှန်တကယ်နေထိုင်ကြောင်း ထောက်ခံချက်မူရင်း
၆။ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးမှတ်တမ်းများနှင့် သောက်သုံးနေရသည့် ဆေးဝါးများ ယူဆောင်လာရန်

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း၊ လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်းဝင်းအတွင်းရှိ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင်တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း စားသောက်နေထိုင်ရေး၊ သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသား၊ သင်တန်းသူများအတွက် ရန်ကုန်မြို့သို့လာသော အသွားအပြန်ခရီးစရိတ်များကို နိုင်ငံတော်မှ စီစဉ်ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ဖုန်းနံပါတ်- ၀၆၇-၄၀၄၂၅၂၊ ၀၆၇-၄၀၄၆၇၆ နှင့် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်) ဖုန်းနံပါတ် -၀၁-၉၆၆၁၇၁၂၊ ၀၉-၄၄၈၀၁၃၅၀၈၀၁၊၀၉-၉၇၂၆၆၁၈၄၀ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်



**မုံရွာ ဩဂုတ် ၂၁**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မုံရွာမြို့ ပြည်သူ့အားကစားကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ မုံရွာမြို့ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အသင်းအုပ်ချုပ်သူနှင့် နည်းပြများ တက်ရောက်ကြသည်။

**ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ တစ်ဦးချင်း စိတ်ကြိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုနှင့် သုံးယောက်တွဲ၊ ကိုးယောက်တွဲပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် အသင်းများနှင့် နည်းပြများ၏ ပြန်လည်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က မန္တလေးငလျင်ဒဏ်သင့် အာမခံအလုပ်သမားများအတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ပေးအပ်ပွဲအခမ်းအနားကို မုံရွာမြို့ မြသလ္လာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မုံရွာမြို့နယ်အတွင်းရှိ အလုပ်ရှင် အလုပ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အာမခံအလုပ်သမား ၁၃၁၅ ဦးအတွက် သဘာဝဘေးအန္တရာယ် ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၁၂၁ ဒသမ ၈၂ သန်းကို မုံရွာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မုံရွာမြို့ ချင်းတွင်းခန်းမ၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အငြိမ်းစားဝန်ထမ်း ၇၅၀ ကို အာဟာရဖြည့်စွက်စာကြက်ဥများပေးအပ်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆီးချို/သွေးချိုရောဂါ၊ သွေးတိုးရောဂါ၊ အကြောနာအကြောတက်ရောဂါ၊ နှလုံးရောဂါ၊ ချောင်းဆိုးရင်ကြပ်ရောဂါများ စစ်ဆေးကုသပေးနေမှုနှင့် အငြိမ်းစားဝန်ထမ်းများအား အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဩဂုတ် ၂၁**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ယမန်နေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မှုံပြာကျေးရွာ၌ အကြမ်းဖက်သမားများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အမက (မှုံပြာ)ကျောင်း ပြန်လည်ပြုပြင်ပြီး ကျောင်းပြန်လည်ဖွင့်လှစ်နေမှုနှင့် ကလေးငယ်များ စိတ်အေးချမ်းပျော်ရွှင်စွာ စာသင်ကြားနေမှုကို ကြည့်ရှုအားပေးပြီး **(အောက်ပုံ)** ကျောင်းစာကြည့်တိုက်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မှုံပြာကျေးရွာ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီး မှုံပြာ၊ ဘုရားဖြူ၊ ဘုရားနီ၊ ဒေါဆော်လိ၊ ဖောင်းတောကျေးရွာများမှ ပြည်သူများနှင့်တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ ပြန်လည်လည်ပတ်လုပ်ကိုင်နိုင်ရေး ဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားကာ ကျေးရွာများသို့ အလှူငွေများ ပေးအပ်သည်။

ယင်းနောက် မှုံပြာငါးလုပ်ငန်းစခန်း၌ ငါးသားပေါက်များဖြန့်ဝေခြင်း၊ ငါးဆေးထိုးသားဖောက်ခြင်းနှင့် တောင်သူအသိပညာပေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊ ငါးမွေးကန်များ ပြုပြင်ထိန်းသိမ်းရန် မှာကြားပြီး ငါးမွေးကန်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မှုံပြာကျေးရွာပြည်သူများ အသုံးပြုနိုင်ရန် ဆိုလာစနစ်သုံး လေးလက်မစက်ရေတွင်း ဆောင်ရွက်ထားရှိမှုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ကျန်းမာရေးဌာနအဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်၍ ကျန်းမာရေးဝန်ထမ်းနှင့် ဆေးပစ္စည်းများ လုံလောက်စွာထားရှိပြီး ကျေးရွာနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် မှာကြားကာ ဒုတိယသီးနှံဆောင်းနေကြာစိုက်ပျိုးနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး မှာကြားသည်။

**ပြည်နယ်(ပြန်/ဆက်)**



❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



# ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၈/၂၀၂၅) အစည်းအဝေးကျင်းပ

**ဘားအံ ဩဂုတ် ၂၁**

ကရင်ပြည်နယ်အတွင်း ခရီးသွားဧည့်သည်ဝင်ရောက်မှု ပိုမိုများပြားလာသည်နှင့်အညီ ဒေသတွင်း ခရီးစဉ်ဒေသများနှင့် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၈/၂၀၂၅) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်း ခရီးစဉ်ဒေသသစ်များ ဖော်ထုတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားပြီး ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာ ဝန်ကြီး ဦးစောခင်မောင်မြင့်က ကရင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ် (၉)ရပ်၊ စိုက်ပျိုးရေးကို အခြေခံသည့် ခရီးစဉ်ဒေသများ ဖော်ဆောင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးက ဒေသကော်မတီများမှ လုပ်ကိုင်ဆောင်ရွက်နေမှုများနှင့် ယခုအစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုပေးရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကာ အစည်းအဝေးသို့ တက်ရောက်လာသော ကော်မတီဝင်များနှင့် ဌာနဆိုင်ရာများက ခရီးစဉ်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဘားအံခရိုင် ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဆဒ္ဒန်ဂူ၊ ကော့ဂွန်းဂူ၊ ရသေ့ပျံဂူ၊ ကော့ကသောင်ဂူ၊ လွန်းညရေပြာအိုင်၊ ဇွဲကပင်တောင်၊ ကျောက်ကလပ်၊ တောင်ဝိုင်း၊ ကျုံထော်ရေတံခွန်၊ ဖောင်တော်ဦး၊ ပဒုမ္မာဂူ၊ ဘုရင့်ညီနောင်ဂူ၊ လင်းနို့ဂူ၊ နောင်ခလိုင်၊ ကွ္ဂသာသယဂူ ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့များက ခရီးစဉ်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေး တင်ပြကြကာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် နံနက်ပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်(ဘားအံ) စားသောက်ခန်းမ၌ ပြုလုပ်သည့် အထူးနေ့လယ်စာစားပွဲသို့ တက်ရောက်ပြီး ကျောင်းသား ကျောင်းသူများကို အားပေးစကားပြောကြား၍ အထူးနေ့လယ်စာအတွက် ငွေကျပ် ၁၄၆၉၀၀၀ ကို ပါမောက္ခချုပ်နှင့် ကျောင်းသား ကျောင်းသူများထံ ချီးမြှင့်ပေးအပ်ကာ အထူးနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့သည်။ **(အပေါ်ပုံ)**

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ရွှေ့ပြောင်းနေထိုင်သူများအရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ဗြိတိန်နှင့် အီရတ်နိုင်ငံတို့ သဘောတူလက်မှတ်ရေးထိုး



**လန်ဒန် ဩဂုတ် ၂၁**

ရွှေ့ပြောင်းနေထိုင်သူများ ကိစ္စနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန် ဗြိတိန်နိုင်ငံသည် အီရတ်နိုင်ငံနှင့် သဘောတူလက်မှတ်ရေးထိုးခဲ့သည်ဟု ဗြိတိန်အစိုးရက ဩဂုတ် ၂၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ သဘောတူညီချက်သည် ရွှေ့ပြောင်းနေထိုင်သူများက လှေငယ်များဖြင့် နောက်ထပ်ရောက်ရှိလာမှုကို တားဆီးရန် ရည်ရွယ်သည်။ ဗြိတိန်တွင် တရားဝင် နေထိုင်ခွင့်မရှိသူများကို ပြန်ပို့ရန် တရားဝင်လုပ်ငန်းစဉ်များ စတင်သွားမည်ဟုလည်း ကြေညာချက်တွင် ဖော်ပြထားသည်။ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရွှေ့ပြောင်းနေထိုင်သွားလာမှုဆိုင်ရာ စိန်ခေါ်မှုများတွင် အတူတကွ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံလုံးကို အကျိုးဖြစ်ထွန်းစေမည့် ပိုမိုခိုင်မာသည့် ဆက်ဆံရေးကို တည်ဆောက်နေခြင်းဖြစ်သည်ဟု ဗြိတိန်လုံခြုံရေးဝန်ကြီး ဒန်ဂျာဗစ်က ပြောသည်။

လှေငယ်များဖြင့် ဗြိတိန်သို့ ရောက်ရှိလာသည့်အီရတ်နိုင်ငံသား အရေအတွက်သည် ၂၀၂၅ ခုနှစ် မတ်လကုန်တွင် ၁၉၀၀၀ ကျဆင်းသွားသည်ဟု ထုတ်ပြန်ကြေညာချက်အရ သိရသည်။

ဆင်ဟွာ

## ဗီယက်နမ်နှင့် ဩစတြေးလျတို့ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် သဘောတူ

**ဟန္နိုင်း ဩဂုတ် ၂၁**

ဗီယက်နမ်နှင့် ဩစတြေးလျနိုင်ငံတို့သည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် ဩဂုတ် ၂၀ ရက်က သဘောတူခဲ့ကြသည်။ နှစ်နိုင်ငံကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာဘီလီယံ ၂၀ အထိ ရောက်ရှိရန်နှင့် အပြန်အလှန် ရင်းနှီးမြှုပ်နှံမှု နှစ်ဆတိုးရန်ရည်မှန်းထားကြောင်း ပြည်တွင်းနေ့စဉ်သတင်းစာ နဟန်ဒန်တွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ကျင်းပသည့် ဗီယက်နမ်နှင့် ဩစတြေးလျနိုင်ငံတို့၏ (၇)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။ သိပ္ပံ၊ နည်းပညာ၊ ဆန်းသစ်တီထွင်မှု၊ အဆင့်မြင့်နည်းပညာတွင် ရင်းနှီးမြှုပ်နှံမှု၊ ရာသီဥတုပြောင်းလဲမှုနှင့် ဒစ်ဂျစ်တယ်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပူးပေါင်းဆောင်ရွက်ရန် နှစ်နိုင်ငံက တောင်းဆိုခဲ့သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဆင်ဟွာ

## ပါကစ္စတန်အကျဉ်းထောင်များမှ အာဖဂန်အကျဉ်းသား ၁၃၁ ဦး လွှတ်ပေး

**ကဘူးလ် ဩဂုတ် ၂၁**

ပြီးခဲ့သည့် သီတင်းပတ်ကျော်အတွင်း ပါကစ္စတန်အကျဉ်းထောင်များမှ အာဖဂန်အကျဉ်းသား စုစုပေါင်း ၁၃၁ ဦးကို လွှတ်ပေးခဲ့သဖြင့် အာဖဂန်နစ္စတန်နိုင်ငံသို့ ဘေးကင်းစွာပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာနက ဩဂုတ် ၂၁ ရက်တွင် ပြောကြားသည်။

လွှတ်မြောက်လာသူများမှာ ပါကစ္စတန်နိုင်ငံတစ်ဝန်း အကျဉ်းထောင်အသီးသီးတွင် ထိန်းသိမ်းခံရသူများဖြစ်ကြောင်း၊ နယ်စပ်တွင် အကူအညီများရရှိပြီး ပြန်လည်ရောက်ရှိသူများကို ၎င်းတို့၏ ပြည်နယ်များရှိ နေအိမ်များသို့ ပို့ဆောင်ပေးခဲ့ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ပြီးခဲ့သည့်နှစ်အတွင်း ပါကစ္စတန်နှင့် အီရန်အကျဉ်းထောင်များမှ အာဖဂန်နိုင်ငံသား ၉၉၅၁ ဦးကို သက်ဆိုင်ရာနိုင်ငံသို့ ပြန်ပို့ပေးခဲ့ကြောင်း ဇူလိုင်လနှောင်းပိုင်းအတွင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

## ကမ္ဘောဒီးယား၌ ပထမခုနစ်လအတွင်း စက်သုံးဆီ တင်သွင်းမှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ဖိုးရှိ

**ဖနောင်ပင် ဩဂုတ် ၂၁**

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ် ပထမခုနစ်လအတွင်း ဒီဇယ်ဆီ၊ လောင်စာဆီ၊ ခဲတတ်ဆီနှင့် သဘာဝဓာတ်ငွေ့တင်သွင်းမှု စုစုပေါင်းမှာ ၁၃ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၂၁ ရက်တွင် ထုတ်ပြန်ထားသည်။

ဒီဇယ်ဆီ၊ လောင်စာဆီ၊ ဓာတ်ဆီနှင့် သဘာဝဓာတ်ငွေ့တင်သွင်းမှု၏ တန်ဖိုးမှာ ပြီးခဲ့သည့်နှစ် အလားတူကာလက ဒေါ်လာ ၁ ဒသမ ၆၇ ဘီလီယံရှိရာမှ ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၅ ဘီလီယံရှိကြောင်း သိရသည်။



ကမ္ဘောဒီးယား နိုင်ငံသည် ဒီဇယ်စက်သုံးဆီ တင်သွင်းမှုကို ဒေါ်လာ ၇၈၆ သန်း၊ ဓာတ်ဆီတင်သွင်းမှုကို ဒေါ်လာ ၄၅၉ ဒသမ ၇ သန်းနှင့် သဘာဝဓာတ်ငွေ့တင်သွင်းမှုကို ဒေါ်လာ ၂၀၄ ဒသမ ၆ သန်း သုံးစွဲခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံအတွင်း ရေနံနှင့် ဓာတ်ငွေ့ထုတ်ကုန်များအတွက် လိုအပ်ချက်မှာ ၂၀၂၀ ပြည့်နှစ်က တန်ချိန် ၂ ဒသမ ၈ သန်းရှိရာမှ ၂၀၃၀ ပြည့်နှစ်တွင် တန်ချိန် ၃၄ ဒသမ ၈ သန်း တိုးလာမည်ဟု သတ္တုနှင့်စွမ်းအင်ဝန်ကြီးဌာနက ခန့်မှန်းထားသည်။

ဆင်ဟွာ

## ဘေးဆိုးကပ်ဆိုးများနှင့်ပတ်သက်ပြီး နိုင်ငံတကာသိပ္ပံပညာရှင်များ သတိပေး

**ကန်ဘာရာ ဩဂုတ် ၂၁**

ရေခဲပိုမိုအရည်ပျော်ကျပြီး ပင်လယ်သမုဒ္ဒရာများနှင့် ဂေဟစနစ်များ ပျက်စီးလာသည့်အတွက် အန္တာတိကသည် ရုတ်တရက် ဘေးဆိုးကပ်ဆိုးဖြစ်စဉ်များနှင့် ရင်ဆိုင်နေရကြောင်း ဩစတြေးလျနှင့် နိုင်ငံတကာသိပ္ပံပညာရှင်များက သတိပေးထားသည်။

ကာဗွန်ဒိုင်အောက်ဆိုက် မြင့်တက်လာခြင်းကြောင့် အနောက်အန္တာတိက ရေခဲလွှာပြိုကျနိုင်မှုအန္တရာယ်၊ ပင်လယ်ရေမျက်နှာပြင် ၃ မီတာကျော် မြင့်တက်လာခြင်းအန္တရာယ်နှင့် ကမ္ဘာ့ကမ်းရိုးတန်းမြို့များ ရေလွှမ်းမိုးနိုင်ခြင်းအန္တရာယ်တို့ကို သုတေသီများက သတိပေးထားသည်။

ဆင်ဟွာ

## အွန်လိုင်းဂိမ်းများကို တားမြစ်သည့် ဥပဒေကြမ်း အိန္ဒိယလွှတ်တော်အတည်ပြု

**နယူးဒေလီ ဩဂုတ် ၂၁**

အိန္ဒိယလွှတ်တော်သည် ငွေကြေးနှင့်ပတ်သက်သော အွန်လိုင်းဂိမ်းများကို တားမြစ်သည့် ဥပဒေကြမ်းကို အတည်ပြုခဲ့ကြောင်း တာဝန်ရှိသူများက ဩဂုတ် ၂၁ ရက်တွင် ပြောကြားခဲ့သည်။

အွန်လိုင်းဂိမ်းဥပဒေကြမ်း၂၀၂၅ သည် အွန်လိုင်းငွေကြေးလောင်းကစားခြင်းဆိုင်ရာ ဝန်ဆောင်မှုများ၊ ကြော်ငြာများနှင့် ၎င်းတို့နှင့် သက်ဆိုင်သည့် ငွေကြေးလွှဲပြောင်းမှုများကို တားမြစ်ထားသည်။

အောက်လွှတ်တော်က ဩဂုတ် ၂၀ ရက်တွင် အတည်ပြုခဲ့သော အဆိုပါဥပဒေကြမ်းကို အထက်လွှတ်တော်က ဩဂုတ် ၂၁ ရက်တွင် အတည်ပြုခဲ့သည်။

၎င်းဥပဒေသည် အွန်လိုင်းငွေကြေးလောင်းကစားခြင်းဆိုင်ရာ ကြော်ငြာများနှင့် အဆိုပါဂိမ်းများအတွက် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ဘားဘဏ် (ငွေကြေးချေးယူနိုင်ရန် ဘား သို့မဟုတ် ဖျော်ဖြေရေးအဆောက်အအုံရှိ ငွေကြေးဝန်ဆောင်မှုနေရာ)များမှ ငွေကြေးလွှဲပြောင်းပေးခြင်း သို့မဟုတ် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးခြင်းတို့ကို တားမြစ်ပိတ်ပင်သွားမည်ဖြစ်သည်။

ကျွမ်းကျင်ပညာရှင်များက လူများသည် ပိုမိုမြင့်မားသော အမြတ်အစွန်းများရရှိရန် မျှော်မှန်းချက်ဖြင့် ငွေကြေးအပ်နှံစိုက်ထည့်ခြင်းဖြင့် အွန်လိုင်းလောင်းကစားဂိမ်းများကို ကစားကြသည်ဟု ပြောသည်။

အဆိုပါဥပဒေသည် အွန်လိုင်းလောင်းကစားဂိမ်းကစားခြင်းအတွက် သုံးနှစ်အထိ ထောင်ဒဏ်နှင့် သို့မဟုတ် ဒဏ်ငွေအိန္ဒိယရူပီး ၁၀ သန်း (အမေရိကန်ဒေါ်လာ ၁၁၄၆၀၀) အထိ အပြစ်ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။




အွန်လိုင်းလောင်းကစားဂိမ်းစွဲခြင်းသည် ဆေးစွဲခြင်းနှင့်အလားတူပြီး ကြောက်စရာအလွန်ကောင်းသည်။ ဖြတ်ရန် မလွယ်ကူပေ။ အွန်လိုင်းလောင်းကစားဂိမ်းနောက်ကွယ်ရှိ ဩဇာတိက္ကမကြီးမားသူများသည် အဆိုပါဥပဒေကို လူမှုမီဒီယာလှုပ်ရှားမှုများ ပြုလုပ်ပြီး စိန်ခေါ်လျက်ရှိသည်။ ဆင်ဟွာ

# ငွေတံဆိပ်ဆုရရှိသော မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုကြိုဆို

**ရန်ကုန် ဩဂုတ် ၂၁**

ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ် အာဆီယံအမျိုးသမီး ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဒုတိယဆုရရှိခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယမန်နေ့ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**ဂုဏ်ပြုကြိုဆို**

အဆိုပါ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အားကစားသမားများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများ၊ မိဘပြည်သူများနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ **(ယာပုံ)**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၅ ခုနှစ် အာဆီယံအမျိုးသမီး ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ဩစတြေးလျ ယူ-၂၃ အသင်းဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ဆုချီးမြှင့်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဒုတိယ ငွေတံဆိပ်ဆု၊ ဂိုးသွင်းအများဆုံးဆုကို ဝင်းသီရိထွန်းနှင့် အကောင်းဆုံးဂိုးသမားဆုကို မျိုးမြမြငြိမ်းတို့က ရရှိခဲ့ကြသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲတွင် ခိုလမ်တပ်နယ်(ခ)အသင်းက ဒိုင်းဆုရရှိ



**နေပြည်တော် ဩဂုတ် ၂၁**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ခိုလမ်တပ်နယ်(က)အသင်းနှင့် ခိုလမ်တပ်နယ်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ခိုလမ်တပ်နယ်(ခ)အသင်းက အနိုင်ရရှိပြီး ဒိုင်းဆုရရှိခဲ့သည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူးဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြပြီး ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် ခိုလမ်တပ်နယ်(က)အသင်းနှင့် ခိုလမ်တပ်နယ်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက တစ်ဦးချင်း အကောင်းဆုံး ဆုရရှိကြသူများ၊ အသင်းလိုက်ဆုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော ခိုလမ်တပ်နယ်(ခ) အသင်းတို့အား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ဝဲပုံ)**

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်းကိုးသင်းတို့ဖြင့် ဩဂုတ် ၉ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒက္ခိဏသီရိမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြည့်ရှု

**နေပြည်တော် ဩဂုတ် ၂၁**

နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု ကွင်းအမှတ် ၁၈၂၈ ကွင်း တောင်သူဦးထွန်းဝေ၏ လယ်ငါးကေအား အောင်နိုင်တိုးစပါး စိုက်ပျိုးထားရှိမှုအပေါ် ကောက်ကွက်ဖာခြင်းကို ကွင်းဆင်းကြည့်ရှုခြင်း၊ ကျွန်းတပဲ့အုပ်စု ကွင်းအမှတ် ၁၈၁၃ တောင်သူဦးဝင်းလွင်၏ လယ်ငါးကေအား ဆင်းသုခစပါးမျိုးစိုက်ပျိုးနေမှုနှင့် ရွာမကျေးရွာအုပ်စု ကွင်းအမှတ် ၁၆၇၂ ကွင်း တောင်သူဦးဇော်မင်း၏ လယ်နှစ်ကေအား ရေဆင်း ပေါ်ဆန်း-၂ မျိုးစပါး စိုက်ပျိုးနေမှုအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုသည်။ **(အောက်ပုံ)**



ဆက်လက်၍ နေပြည်တော် ကောင်စီဝင်သည် ရွာမကျေးရွာအုပ်စု ကွင်းအမှတ် ၁၆၇၂ ကွင်း နယူးအေးရှားကုမ္ပဏီမှ ၈၅ ဧက မိုးစပါးစိုက်ပျိုးနိုင်ရေးအတွက် မြေပြင်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုပြီး တောင်သူရေသောက်မြောင်းအား ရေစီးရေလာကောင်းမွန်စေရေးအတွက် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေ၊ ချိုင်းကျေးရွာအုပ်စု၊ ရွာမကျေးရွာအုပ်စု၊ ကျွန်းတပဲ့ကျေးရွာအုပ်စုနှင့် ရန်အောင်မြင်ကျေးရွာအုပ်စုများအတွင်း သဘာဝမြေဩဇာရရှိနိုင်ရေး (ရိုးဖြတ်မြေဆွေး) EM ဘိုကာချီမြေဆွေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်သည် ရန်အောင်မြင်ကျေးရွာအုပ်စု အုန်းတောပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ ကျင်းပသည့် ဒက္ခိဏသီရိမြို့နယ်ရှိ မဲဆန္ဒရှင်များအား မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် စမ်းသပ်မဲပေးခြင်း ဆောင်ရွက်မှုအခမ်းအနားကို တက်ရောက်ရာ အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိဦးမင်းထက်အောင်နှင့် တာဝန်ရှိသူများက မဲစာရင်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ရပ်ကွက်နေပြည်သူများက MEVM စနစ်ဖြင့် လက်တွေ့မဲပေးခြင်း စမ်းသပ်လေ့ကျင့်နေမှုများအား ကြည့်ရှုအားပေးသည်။

**အောင်သူရဦး(ပြန်/ဆက်)**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၃၈ ဦး ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၂၁**

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ် တိုက်ဖျက်လျက်ရှိပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၃၀၊ ကင်ညာနိုင်ငံသားလေးဦး၊ အိန္ဒိယနိုင်ငံသားနှစ်ဦး၊ ကင်မရွန်းနိုင်ငံသားတစ်ဦးနှင့် အီသီယိုးပီးယားနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၃၈ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်း ကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံ



ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဩဂုတ် ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၆၉ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၂၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၆၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၁**

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ငလျင်ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း / ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ ဆောင်ရွက်မှုများကို သတင်းထုတ်ပြန်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့အထိ အခြေအနေကို ၂၅-၆-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှ ဩဂုတ်လ ၂၀ ရက်နေ့အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၊ Singapore Lotus Light Charity Society ၊ Singapore Buddha Dhamma Mandala Society နှင့် Love and

*စာမျက်နှာ ၁၇ သို့*



Singapore Lotus Light Charity Society မှ လှူဒါန်းသည့် ပစ္စည်းများကို တွေ့ရစဉ်။



Singapore Buddha Dhamma Mandala Society နှင့် Love and Care Charity Group မှ လှူဒါန်းသည့် ပစ္စည်းများကို တွေ့ရစဉ်။




ထိုင်းနိုင်ငံ ထစ်ဖဒုန်းဖောင်အုန်းသီးကုမ္ပဏီမှ လှူဒါန်းသည့် ပစ္စည်းများကို တွေ့ရစဉ်။





တရုတ်နိုင်ငံ ကူမင်းမြို့မှ လှူဒါန်းသည့်ပစ္စည်းများကို တွေ့ရစဉ်။



Sin Min Global Trading Co., Ltd မှ လှူဒါန်းသည့် အမိုးသွပ်များကို မန္တလေးတိုင်းဒေသကြီးသို့ ပေးပို့စဉ်။

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ**
**(၂၆-၆-၂၀၂၅ ရက်နေ့မှ ၂၀-၈-၂၀၂၅ ရက်နေ့အထိ)**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | လူသုံးကုန်ပစ္စည်းမျိုးစုံ | ခု | ၉၉ | ၄၆ | ၄၄ | ၄ | ၅ | - | - | |
| | | စည်း | ၂၀ | ၉ | ၉ | ၁ | ၁ | - | - | |
| ၂ | အိမ်သုံးပစ္စည်းများ | ထုပ် | ၈၁ | ၃၇ | ၃၆ | ၃ | ၅ | - | - | |
| ၃ | လျှပ်စစ်ပစ္စည်းမျိုးစုံ | ဗာ | ၄၆၆ | ၂၀၈ | ၁၉၄ | ၂၉ | ၃၅ | - | - | |
| | | ခု | ၆၄ | ၂၉ | ၂၇ | ၄ | ၄ | - | - | |

**Singapore Lotus Light Charity Society မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ**
**(၂၆-၆-၂၀၂၅ ရက်နေ့မှ ၂၀-၈-၂၀၂၅ ရက်နေ့အထိ)**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | Sleeping Bags | ထုပ် | ၁ | ၁ | - | - | - | - | - | |
| ၂ | စားသောက်ကုန်ပစ္စည်း | ဗာ | ၁၀ | ၄ | ၄ | ၁ | ၁ | - | - | |
| ၃ | လူသုံးကုန်ပစ္စည်း | ဗာ | ၇ | ၃ | ၂ | ၁ | ၁ | - | - | |

**Singapore Buddha Dhamma Mandala Society နှင့် Love and Care Charity Group မှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ**
**(၂၆-၆-၂၀၂၅ ရက်နေ့မှ ၂၀-၈-၂၀၂၅ ရက်နေ့အထိ)**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | လူသုံးကုန်ပစ္စည်း | ဗာ | ၁ | - | - | - | ၁ | - | - | |
| ၂ | ဆေးနှင့်ဆေးပစ္စည်း | ဗာ | ၁ | ၁ | - | - | - | - | - | |

*စာမျက်နှာ ၁၆ မှ*

Care Charity Group၊ ထိုင်းနိုင်ငံ၊ ထစ်ဖဒုန်းဖောင်အုန်းသီး ကုမ္ပဏီ (THEPPADUNGPORN COCO-NUT Co.Ltd) တို့မှ ထပ်မံပေးပို့ လှူဒါန်းလာသော Sleeping Bags၊ စားသောက်ကုန်၊ လူသုံးကုန်၊ လျှပ်စစ်ပစ္စည်း၊ အိမ်သုံးပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်းများကို ဘေးသင့်လူဦးရေအချိုးအစားအပေါ် မူတည်၍ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့သို့ ဖြန့်ခွဲပေးပို့ခဲ့ပြီး ပြည်တွင်းအလှူရှင်၊ Sin Min Global Trading Co.Ltd က လှူဒါန်းသည့် အမိုးသွပ် ၂၅၅၆ ချပ်နှင့် ခေါင်အုပ်သွပ် ၃၃၃၄ ချပ်တို့ကို မန္တလေးတိုင်းဒေသကြီး အတွင်း ဘာသာရေး အဆောက်အဦ၊ ဘုန်းကြီးကျောင်းနှင့် သာသနိက အဆောက်အဦများ ပြုပြင်နိုင်ရေး မန္တလေးတိုင်းဒေသကြီးသို့ ပေးပို့ခဲ့ပါသည်။

ငလျင်လှုပ်ခတ်ခဲ့သည့် ၂၈-၃-၂၀၂၅ ရက်နေ့မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှု စုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၇၀ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၃၄ စီး၊ ရှမ်းပြည်နယ်တောင်ပိုင်းသို့ မော်တော်ယာဉ် ၁၄ စီး၊ စုစုပေါင်းမော်တော်ယာဉ် ၁၁၈ စီးဖြင့် စုစုပေါင်း တန်ချိန် ၂၄၃၆ ခန့်ဖြစ်ပါသည်။

နိုင်ငံတကာအလှူရှင်များက ၂၆-၆-၂၀၂၅ ရက်နေ့မှ ၂၀-၈-၂၀၂၅ ရက်နေ့အတွင်း လှူဒါန်းခဲ့သည့်ပစ္စည်းများကို ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့ဆောင်ရွက်ခဲ့မှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။ ပြည်တွင်း/ပြည်ပမှ ပစ္စည်းများ ထပ်မံလှူဒါန်းသည့် အချိန်တွင် ပစ္စည်းများရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံး ရောက်ရှိ ဖြန့်ခွဲမှုတို့ကို အလျဉ်းသင့်သလို ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့စဉ်။



နေပြည်တော်ကောင်စီနယ်မြေအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့စဉ်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့စဉ်။



ရှမ်းပြည်နယ်အတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့စဉ်။

**ထိုင်းနိုင်ငံ၊ ထစ်ဖဒုန်းဖောင်အုန်းသီးကုမ္ပဏီမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ (၂၆-၆-၂၀၂၅ ရက်နေ့မှ ၂၀-၈-၂၀၂၅ ရက်နေ့အထိ)**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | ဖာ | ၃၀၀၀ | ၁၃၈၀ | ၁၃၅၀ | ၁၂၀ | ၁၅၀ | - | - | |
| ၂ | လူသုံးကုန်ပစ္စည်း | ထည် | ၁၀၀၀ | ၄၆၀ | ၄၅၀ | ၄၀ | ၅၀ | - | - | |

**ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှ ပေးပို့ထောက်ပံ့သည့်လှူဒါန်းပစ္စည်းမျိုးစုံ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ် (၃၀-၃-၂၀၂၅ ရက်နေ့မှ ၂၀-၈-၂၀၂၅ ရက်နေ့အထိ)**

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ အရွယ်အစားမျိုးစုံ | လုံး | ၁၅၁၃၉ | ၁၇၃၆ | ၁၄၀၁ | ၁၇၃၂ | ၂၉၈ | ၅၀၇၆ | ၅၀၇၆ | |
| ၂ | တာပေါ်လင်/ မိုးကာစမျိုးစုံ | လိပ် | ၇၇၅ | ၁၀ | ၄၁၅ | - | - | ၁၅၀ | ၂၀၀ | |
| | | အိတ် | ၄ | - | ၄ | - | - | - | - | |
| | | ထုပ် | ၁၉၆၃ | ၄ | ၂၅ | ၁၄၉၇ | - | ၄၃၇ | - | |
| | | စ | ၇၉၉၅ | - | - | - | - | ၁၂၄၀ | ၆၇၅၅ | |
| | | ဖာ | ၁၈၉ | ၁၈၉ | - | - | - | - | - | |
| | | ချပ် | ၂၄၂၈ | ၃၀ | ၁၅၆ | ၁၂ | | ၁၀၃၁ | ၁၁၉၉ | |
| ၃ | Hygiene Kit | ခု | ၃၀၁၇ | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | ၄၃၈၆ | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | ၃၆၂၄ | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | ၆၁၈ | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | ၁၆၅ | ၃၇ | ၁၀၀ | ၂၄ | ၃ | ၁ | - | |
| ၆ | ရေသန့်စက် | လုံး | ၁၀၀၃ | - | ၁၀၀၃ | - | - | - | - | |
| | | ဖာ | ၁၈ | ၈ | ၈ | ၁ | ၁ | - | - | |
| ၇ | Sleeping Bags | ထုပ် | ၄၉၇ | ၁၉၃ | ၂၆၇ | ၁၆ | ၂၁ | - | - | |
| | | ခု | ၁၄၄ | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | ၁၆၄ | ၈၂ | ၇၀ | ၅ | ၇ | - | - | |
| ၈ | စားသောက်ကုန် ပစ္စည်းမျိုးစုံ | မျိုး | ၁၁၂ | ၃၁ | ၅၂ | ၂၁ | ၈ | - | - | |
| | | ဖာ | ၂၃၈၃၉ | ၁၁၉၅၇ | ၉၅၉၈ | ၁၅၆၁ | ၆၃၇ | ၈၆ | - | |
| | | အိတ် | ၃၃၅ | ၁၃၁ | ၁၇၈ | ၁၂ | ၁၄ | - | - | |
| | | ကတ် | ၁၀၀ | ၁၀၀ | - | - | - | - | - | |
| | | ထုပ် | ၉၂ | ၄၂ | ၄၁ | ၄ | ၅ | | - | |
| ၉ | လူသုံးကုန် ပစ္စည်းမျိုးစုံ | မျိုး | ၉၀ | ၂၆ | ၃၇ | ၈ | ၁၀ | ၉ | - | |
| | | ဖာ | ၅၅၅၇ | ၁၅၄၃ | ၂၈၁၆ | ၁၀၀၆ | ၁၅၉ | ၃၃ | - | |
| | | ထုပ် | ၂၄၄၃ | ၉၉၁ | ၁၂၅၅ | ၁၀၅ | ၉၂ | - | - | |
| | | ခု | ၁၇၆၃ | ၇၉၁ | ၈၁၇ | ၇၁ | ၈၄ | - | - | |
| | | ထည် | ၁၀၇၃ | ၄၉၃ | ၄၈၀ | ၄၅ | ၅၅ | | - | |
| | | စည်း | ၂၇ | ၁၂ | ၁၁ | ၂ | ၂ | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | ၃၇ | ၄ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | ၂၂၈ | ၉၇ | ၉၇ | ၁၆ | ၁၆ | ၂ | - | |
| | | စုံ | ၂၁၀၈ | ၂၀၄၉ | ၄၇ | ၅ | ၇ | - | - | |
| | | လုံး | ၂၃ | ၁၀ | ၉ | ၂ | ၂ | - | - | |
| | | ထုပ် | ၈၁ | ၃၇ | ၃၆ | ၃ | ၅ | | | |
| ၁၁ | လျှပ်စစ် ပစ္စည်းမျိုးစုံ | ခု | ၇၁ | ၃၁ | ၃၀ | ၅ | ၅ | - | - | |
| | | ဖာ | ၇၉၉ | ၃၄၁ | ၃၇၂ | ၄၂ | ၄၄ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်းမျိုးစုံ | မျိုး | ၆၆၆ | ၁ | ၈ | - | ၂ | ၆၅၅ | - | |
| | | အိတ် | ၁၅၀၂၀ | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | ၁၉၆၆ | ၂၆ | - | - | - | ၁၉၄၀ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | ၁၁၆ | - | - | - | - | ၁၁၆ | - | |
| | | ဖာ | ၇ | - | - | - | - | ၇ | - | |

## တောင်ဥက္ကလာပမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲကျင်းပ



**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးတင်စန်းက လျှပ်စစ်အန္တရာယ်ဆိုင်ရာ အသိအမြင်အတွေ့အကြုံဗဟုသုတများကို ဟောပြောပြီး မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## တန့်ယန်းမြို့နယ်နှင့် သာစည်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၈ ရက် ည ၈ နာရီခွဲတွင် သတင်းအရ တန့်ယန်းမြို့နယ် တာကော်အက်ကျေးရွာ တံတားအနီးတွင် တန့်ယန်းမြို့ဘက်မှ ပန်ဆန်းမြို့ဘက်သို့ ဆမ်မိန်း (၂၉ နှစ်) မောင်းနှင်ပြီး အိုက်ဆမ် (၂၀ နှစ်) နှင့် မအေးဆာ (၂၀ နှစ်)တို့ လိုက်ပါလာသည့် W-ML ---- နံပါတ်တပ်ဆင်ထားသည့် TOYOTA VIGO မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ဘိန်းဖြူအလေးချိန် ၃၇ ဒသမ ၁ ကီလို (၎င်းဒေသတန်ဖိုး ငွေကျပ် ၅၅၆၅ သိန်း) ကို ဖမ်းဆီးရမိခဲ့သည်။



တရားခံ ဆမ်မိန်း၊ အိုက်ဆမ်နှင့် မအေးဆာတို့အား ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

ထို့ပြင် ဩဂုတ် ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် သတင်းအရ သာစည်မြို့နယ် ပြည်ညောင်ကျေးရွာအုပ်စု ပြည်ညောင်ကျေးရွာအနီး မိတ္ထီလာ-တောင်ကြီးသွားကားလမ်းဘေးရှိ ဝိုင်းဖွဲ့ထိုင်နေသူ ကြည်လွင် (၃၉ နှစ်)၊ မမေစန်း (ခ) မငယ် (၃၅ နှစ်)၊ မဆန်းမြ(ခ) ဝတုတ် (၅၆ နှစ်)နှင့် ဘိုလှ(၂၅ နှစ်)တို့အားရှာဖွေစစ်ဆေးခဲ့ရာစိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀(၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၀၀)ကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အားမူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၂၁**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ကွမ်းခြံကုန်းမြို့အနီး အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

**နေပြည်တော် ဩဂုတ် ၂၁**

၂၀၂၅ ခုနှစ် ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီ ၂၈ မိနစ် ၆ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေလျင်စခန်းမှ တောင်ဘက် ၅၄ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင်၊ (ကွမ်းခြံကုန်းမြို့၏ အရှေ့တောင်ဘက် ၂၈ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၆ ဒသမ ၀၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၂၂ ဒီဂရီ၊ အနက် ၂၈ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ခ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## တရားမဝင် စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၁**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၅ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ ကွင်းအမှတ်(၆၀၈) အကွက်အမှတ်(၅၃ B) စက်မှုဇုန်၌ မော်တော်ယာဉ်ရှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းရှစ်မျိုး၊ လူသုံးကုန်ပစ္စည်းခုနစ်မျိုး၊ စားသောက်ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၅၀၄၄၅၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး၊ Hino Truck တစ်စီး၊ Nissan Condor Truck တစ်စီး၊ Mitsubishi Fuso Tractor Head နှစ်စီး၊ Hino Profia Tractor Head နှစ်စီးနှင့် နောက်တွဲယာဉ်လေးတွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၅၀၄၄၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၁၃၁၈၂) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံသားခရီးသည်လေးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၂၃၂၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၄၅၁၈၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့ရှောင်လမ်း သံလမ်းအကျော်၌ သနပ်ပင်မြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၇၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Ranger Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၇၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

